# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ(၆၆)၊ အမှတ်(၀၂၈)






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်ကိုယ်စားပြု တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိအားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

## (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၇

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-I)၊ ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၅ ❍

## သီတင်းကျွတ်ရုံးပိတ်ရက်ကာလ စက်စဲကမ်းခြေ၌ အပန်းဖြေသူများဖြင့် စည်ကား

သံဖြူဇရပ် အောက်တိုဘာ ၂၇

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲအပန်းဖြေစခန်းတွင် ယခုသီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ်ကာလ ရုံးပိတ်ရက်ရှည်များဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ အနေဖြင့် ကျိုက္ခမီဆုတောင်းပြည့်

စာမျက်နှာ ၄ ကော်လံ ၅ ❁






## အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်

နေပြည်တော် အောက်တိုဘာ ၂၇

အားအလွန်ကောင်းသော
ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"(ARNAB)
အခြေအနေ

ယနေ့မြန်မာစံတော်ချိန် ၁၂:၃၀ အချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည်

စာမျက်နှာ ၅ ကော်လံ ၄ ❖

## ယနေ့ ဖတ်စရာ


အယ်လ်နီညို အပူလှိုင်းများကြားမှ ခရီးသွားလုပ်ငန်း — ဆောင်းပါး — စာ ၆

ချင်းပြည်နယ် ဖလမ်းမြို့၌ သီတင်းကျွတ်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ — ပြည်တွင်းသတင်း — စာ ၂၃

သီရိလင်္ကာ၌ လေကြောင်းဘေးကင်းလုံခြုံရေး တောရိုင်းတိရစ္ဆာန် အန္တရာယ်စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းမည် — နိုင်ငံတကာသတင်း — စာ ၂၆





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုံမင်းအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး၏ တေးသီချင်းအလိုက် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

❒ *ရွှေဖုံးမှ*

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ရိုးရာအကအလှများကို**
**ပြန်လည်ဖော်ထုတ်ထိန်းသိမ်း**

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းရန်နှင့် အေးအတူပူအမျှ အတူတကွလက်တွဲနေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝရဖော်ညွှန်းရန်၊ တိုင်းရင်းသားတို့၏ ရိုးရာအကအလှများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်လျက်ရှိသည့် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။



(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုံမင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုဗ္ဗသီရိအားကစားခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီးနှင့် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်ပြိုင်ပွဲဝင်များက တေးသီချင်းများအလိုက် တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယှဉ်ပြိုင်မှုများအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပြိုင်ပွဲအလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် လာရောက်အားပေးကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

**လာရောက်ကြည့်ရှုအားပေးလျက်ရှိ**

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပျက် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက်များဖြင့် ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ကျင်းပပြုလုပ်နေခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> ✤ **တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းရန်နှင့် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝရ ဖော်ညွှန်းရန်၊ တိုင်းရင်းသားတို့၏ ရိုးရာအကအလှများကို ပြန်လည် ဖော်ထုတ် ထိန်းသိမ်းရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်လျက်ရှိ**



(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမရက် အဆို၊ အတီးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ဒုတိယသမ္မတ ဦးညိုစော တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၇**

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမရက် အဆို၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယ သမ္မတ ဦးညိုစောသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှု အားပေးသည်။



ဒုတိယသမ္မတ ဦးညိုစောနှင့် အဖွဲ့ဝင်များ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး၏ သီဆိုယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဒုတိယ သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အတူ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) မြခန်းမ၌ ကျင်းပလျက်ရှိသည့် ဝါသနာရှင် ဒုတိယတန်း(အမျိုးသမီး) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက မြန်မာ့မူမှန် သီချင်းဖြင့် တစ်ဦးချင်းသီဆို ပြိုင်ပွဲဝင်နေမှုများကို လည်းကောင်း၊ နီလာခန်းမ၌ ဝါသနာရှင် ဒုတိယတန်း (အမျိုးသမီး) စောင်းအတီး ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက ညဥ့်သုံးယံခါ (ပတ်ပျိုး) သီချင်းဖြင့် တစ်ဦးချင်း တီးခတ် ယှဉ်ပြိုင်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဒီဇင်ဘာ ၁၅ ရက်မှ စတင်၍ နွေစပါး ၅၃၇၄ ဧကအား စိုက်ပျိုးရေပေးဝေသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ အရေးပေါ် ကာကွယ်ခြင်းလုပ်ငန်းများနှင့် တမံရေရှည်ကြံ့ခိုင်ရေးအတွက် Geophysics (ဘူမိရူပ) နည်းပညာအသုံးပြု၍ မြေအောက်အခြေအနေများ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တမံ သိုလှောင်ရေ ထိန်းညှိလျှော့ချခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်တွင် တမံနိမ့်မြင့်မှတ်မှာ ၂၉၇ ဒသမ ၆ ပေ၊ သိုလှောင်ရေ ပမာဏ-၅၁၁၃၉ ဧကပေ ဖြစ်ပြီး ဒီဇင်ဘာ ၁၅ ရက်မှ စတင်၍နွေစပါး ၅၃၇၄ ဧကအား စိုက်ပျိုးရေပေးဝေသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုးလ်ဖိုးလ်ကျော်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တမံအိလျှော့သည့်နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းများ မခံရစေရန် မိုးရေကာဖျင်များဖြင့် စနစ်တကျ အုပ်မိုးကာကွယ်ထားရှိမှု၊ ရေလှောင်တမံ ပိုမိုစိတ်ချစေရေးအတွက် တမံအခြေဘက်တွင် မြေသားတမံဖို့၍ တမံအခြေထောက်ခြင်း၊ မြေသားတမံနှင့် ဆက်စပ်၍ ရေစစ်ကျောက်ရိုး (Rock Toe) ထည့်သွင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှု၊ ရေစစ်ကျောက်ရိုး (Rock Toe) နှင့် ချိတ်ဆက်သည့် ရေစစ်သဲလွှာ လုပ်ငန်းဆောင်ရွက်ခြင်း၊ တမံရေရှည်ကြံ့ခိုင်ရေးအတွက် Geophysics (ဘူမိရူပ) နည်းပညာအသုံးပြု၍ မြေအောက်အခြေအနေများအား စစ်ဆေးနေမှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး ပြည့်မီရေး Quality Control (QC) စစ်ဆေးဆောင်ရွက်မှု၊ တမံတည်ဆောက်ရာတွင် အောက်ခံမြေသား သိပ်သည်းဆနှင့် ခံနိုင်ရည်ဝန်အား တိုင်းတာရေးအတွက် Standard Penetration Test (SPT) စမ်းသပ်ဆောင်ရွက်နေမှု၊ တမံပြန်လည်တည်ဆောက်ရာတွင် အသုံးပြုရမည့် ဖို့မြေများအတွက် မြေရယူသင့်သည့်နေရာ (Borrow)ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို မိုးရာသီမတိုင်မီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်သွားကြရန်နှင့် အခြားနည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ တာဝန်ရှိသူများနှင့် မမြရေလှောင်တမံ ရှင်းလင်းဆောင်အစည်းအဝေးခန်းမ၌ တမံအိလျှော့ကျမှုအပေါ်လိုအပ်သည့် အချိန်လိုအပ်သလို ရေထုတ်လွှတ်နိုင်ရန် အရေးပေါ် ရေပိုလွှဲတွင် ရေတံခါးတပ် ရေပိုလွှဲ (Gated Spillway) ဒီဇိုင်းထည့်သွင်းစဉ်းစားမှု အခြေအနေများအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မမြရေလှောင်တမံ ကျောဘက်အလျော အိလျှော့ကျမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဘူမိရူပဆိုင်ရာ တိုင်းတာခြင်း၊ အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး တွေ့ရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ တမံ၏ လက်ရှိကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို သုံးသပ်အကဲဖြတ်ခြင်း၊ နောင်ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များအပေါ် ကြိုတင်ပြင်ဆင်နိုင်ရေးစီမံခြင်း၊ စစ်ဆေးရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအလေးထားပြီး စနစ်တကျ စောင့်ကြည့်ထိန်းသိမ်းခြင်းနှင့် ကြိုတင်ကာကွယ်ရေး အစီအမံများကို ယခုထက် ပိုမိုအရှိန်မြှင့်ပြီး စီမံဆောင်ရွက်ခြင်းစသည့် လုပ်ငန်းစဉ်များကို အထူးအလေးထား စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

အဆိုပါပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၈နာရီ မိနစ် ၃၀ တွင် MICC -I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်ပြီး MRTV HD ၊ MRTV Entertainment ၊ MRTV NRC Channel ၊ MWD HD Channel ၊ MWD Variety HD Channel ၊ Readers' Channel ၊ Channel 9 ၊ Sky Net Up to Date ၊ Uni TV ၊ Shwe Nadi Shwe Yi ၊ Channel 24 များနှင့် MOI Website ၊ MOI YouTube ၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို ၊ သဇင် FM ၊ မန္တလေး FM ၊ ပဒ္မဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ FM ပုဂံ ၊ ချယ်ရီ FM နှင့် Star FM ၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

**သတင်းစဉ်**

❁ *ရှေ့ဖုံးမှ*

ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား ဖူးမြော်ကန်တော့ပြီး အပြန်စက်စဲကျေးရွာရှိ စက်စဲကမ်းခြေသို့လာရောက်၍ ကမ်းခြေတွင် မြင်းစီးခြင်း၊ စက်ဘီးစီးခြင်းဖြင့် အပန်းဖြေရေကစားကြပြီး ပင်လယ်စာများကို စားသုံးကြသည်။

ထို့ပြင် ကမ်းခြေသို့လာရောက်ကြသည့် ခရီးသွားပြည်သူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေရေကစားနိုင်ရေးအတွက် ကမ်းခြေပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးနှင့် သဘာဝဂေဟစနစ် ထိန်းသိမ်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



သီတင်းကျွတ်ရုံးပိတ်ရက်ကာလ စက်စဲကမ်းခြေ၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# “ဝိဓူရ” ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေး




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များ “သဘင့်မာန်ဟုန် ရွှေရန်ကုန်” ဇာတ်တော်ကြီးအဖွဲ့က “ဝိဓူရ” ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် “သဘင့်မာန်ဟုန် ရွှေရန်ကုန်” ဇာတ်တော်ကြီးအဖွဲ့က သမားစဉ်နှင့်အညီ ကပြဖျော်ဖြေတင်ဆက်သည့် “ဝိဓူရ” ဇာတ်တော်ကြီးကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်အတွင်း၌ ကပြဖျော်ဖြေရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေးသည်။

**တိုက်ရိုက်ပြသထားရှိ**

အဆိုပါဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တစ်ချိန်တည်းတစ်ပြိုင်တည်း ကြည့်ရှုနိုင်စေရန်အတွက် နဝဒေးခန်းမတွင်လည်း LED Board ဖြင့် တိုက်ရိုက်ပြသထားရှိသည်။

“ဝိဓူရ” ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ဘုရားကန်တော့ခန်းနှင့် ဇာတ်တော်ကြီး သမားစဉ် အပျိုတော်ထွက်ခန်းတို့ဖြင့် အစပျိုးပြီး ကပြဖျော်ဖြေသည်။ ထို့နောက် ကောရေဗျမင်း၊ သိကြားမင်း၊ နဂါးမင်း၊ ဂဠုန်မင်းတို့၏ အတိတ်ဘဝ(တေးသရုပ်ဖော်)ခန်း၊ ကောရေဗျမင်းနန်းစီးခန်း၊ မင်းလေးပါးစုံညီတရားပြိုင်ခန်း၊ နဂါးပြည်/ ဝရုဏနဂါးမင်း နဂါးပြည်တွင် ဝိဓူရအမတ်အကြောင်းပြောဆို၍ မိဖုရားဝိမလာမှ ဝိဓူရအသည်းနှလုံး စားသုံးလိုကြောင်း ပူဆာခန်း၊ ဣရန္ဒတီသူရဲကောင်းရှာခန်း၊ ပုဏ္ဏကမြင်းစီးထွက်ခန်း၊ ပုဏ္ဏကနှင့် ဣရန္ဒတီဆုံစည်းခန်း၊ ပုဏ္ဏကဘီလူး ဝေပုလ္လတောင်ကိုခွဲ၍ ပတ္တမြားယူခန်း၊ ကောရေဗျမင်းနှင့် ကစ္စည်းလုလင်တို့ ကြွေအံကစားခန်း၊ ဝိဓူရအိမ်တော်သို့ ပုဏ္ဏက/ကစ္စည်းလုလင် လိုက်လာခေါ်ဆောင်ခန်း၊ ဝိဓူရအား ပုဏ္ဏကမှ တောင်စဉ်(၇)ထပ်တိုက်ခန်း၊ အသူတစ်ရာနက်သည့်ချောက်အတွင်း ပစ်ချမည်အပြု ဝိဓူရ ငိုချင်းချခန်း၊ ဝိဓူရအမတ်ကြီး နဂါးပြည်သို့ ရောက်ရှိ၍ တရားဟောခန်း၊ ဝိဓူရအမတ်ကြီး ပြည်တော်ဝင်ခန်း၊ နှစ်ပါးသွားဇာတ်သိမ်းခန်းတို့ကို အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင် ထိထိမိမိဖြင့် ကျရာဇာတ်ရုပ်အလိုက် ဇာတ်ကွက်ပိုင်နိုင်စွာ တင်ဆက်ကပြ ဖျော်ဖြေကြသည်။

“ဝိဓူရ”ဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက်ဇာတ်တော်ကြီးဖြစ်ပြီး ဘုရားလောင်းဝိဓူရပညာရှိ၏ ထူးကဲလှသည့် ဉာဏ်ပညာ၊ သစ္စာတရား၊ ကိုယ်ကျင့်သီလနှင့် ခိုင်မာတည်ကြည်သော စိတ်ဓာတ်၊ အန္တရာယ်နှင့်အခက်အခဲတို့မည်မျှပင်ကြီးမားစေကာမူ သစ္စာတရားကို မစွန့်လွှတ်ခြင်း၊ ဉာဏ်ပညာဖြင့် အခြေအနေတို့ကို မှန်ကန်စွာ ဆင်ခြင်ဖြေရှင်းခြင်းဖြင့် ကိုယ်ကျင့်တရားကို မြတ်နိုးစောင့်ထိန်းခြင်းတို့ကို ထင်ရှားစွာ ဖော်ညွှန်းထားသည့် ဇာတ်တော်ကြီးဖြစ်ကြောင်း၊ ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလဖြူစင် ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသောပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ ဆိုးပြစ်နှင့် မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာခုနစ်ပါးကို ပွားများနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကပြဖျော် ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက် ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်)၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပုသိမ် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်) ၌ သင်တန်းသားအိပ်ဆောင်၊ သင်တန်းကျောင်း/ သင်တန်းရုံးနှင့် စားရိပ်သာတည်ဆောက်ခြင်းလုပ်ငန်း၊ ကျောင်းအဝင်လမ်းကွန်ကရစ်ခင်းကျင်းလုပ်ငန်း၊ မီးလိုင်းများ သွယ်တန်းခြင်းလုပ်ငန်း၊ ဘောလုံးကွင်းဖောက်ခြင်းလုပ်ငန်း၊ ပရိသတ် ၂၅၀၀ ဆံ့ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများကို ယနေ့ညနေပိုင်းတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်)ကျောင်းရှိ ရှင်းလင်းဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တာဝန်ယူဆောင်ရွက်နေသည့် အဆောက်အအုံများ ရေရှည်တည်တံ့စေရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီ၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက ဦးစားပေးဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် Work Schedule များ၊ တည်ဆောက်ရေးလုပ်ငန်းတွင် ဆောင်ရွက်သွားမည့် ဝန်ထမ်းအရေအတွက်၊ သတ်မှတ်ကာလတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့် မြေနေရာများနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်” သည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်- အနောက်မြောက်ဘက် ရေမိုင် ၅၆၀ မိုင်ခန့် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်- အရှေ့တောင်ဘက်ရေမိုင် ၁၁၀ မိုင်ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်”၏ လက်ရှိအခြေအနေ မှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်”၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း“အာနာဘ်”သည် မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၆ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၄ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေ တိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၈၀ မှ ၈၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း“အာနာဘ်”သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း“အာနာဘ်”၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ အောက်တိုဘာ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း“အာနာဘ်”၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# အယ်လ်နီညို အပူလှိုင်းများကြားမှ ခရီးသွားလုပ်ငန်း

စည်သူကျော်

**ယခုရက်များအတွင်း လူပြောအများဆုံး စကားလုံးတစ်လုံးကို ပြောပါဆိုလျှင် အယ်လ်နီညိုဆိုသော မိုးလေဝသဆိုင်ရာ စကားလုံးတစ်လုံးသည်လည်း အပါအဝင်ဖြစ်ပေလိမ့်မည်။ ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲပြင်းထန်လာမှုနှင့် သဘာဝဘေးများကို ပိုမိုရင်ဆိုင်လာရသည့်ကာလသို့ ရောက်ရှိနေသည်ကို အားလုံးလက်တွေ့သိမြင်ခံစားနေကြရပြီဖြစ်သည်။**

ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးရေလျှံခြင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် ရာသီဥတုမှန်ကန်မျှတမှုမရှိခြင်းတို့သည် ကမ္ဘာ့လူသားများကို ပိုမိုခြိမ်းခြောက်လာလျက်ရှိသည်။ ထိုသို့သော ရာသီဥတုပြောင်းလဲလာမှုများနှင့် ဆက်စပ်နေသည့် အဓိကဖြစ်စဉ်တစ်ခုမှာ အယ်လ်နီညိုဖြစ်ပါသည်။

အယ်လ်နီညိုသည် ပစိဖိတ်သမုဒ္ဒရာ၏ အီကွေတာအနီးရှိ ပင်လယ်ရေမျက်နှာပြင်အပူချိန်ပုံမှန်ထက်မြင့်တက်လာခြင်း၊ ပင်လယ်သမုဒ္ဒရာနှင့် လေထုအကြား အပြန်အလှန်သက်ရောက်မှုဖြစ်စဉ်များ ပြောင်းလဲလာခြင်းတို့နှင့် ဆက်စပ်သည့် ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ယင်းဖြစ်စဉ်ကြောင့် ကမ္ဘာ့ဒေသအသီးသီးတို့တွင် အပူချိန်နှင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာပြီး အချို့ဒေသများ၌ မိုးခေါင်ရေရှားမှု ပိုမိုဖြစ်ပေါ်နိုင်သကဲ့သို့ အချို့သောဒေသများ၌မူ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရုတ်တရက် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လာပါသည်။

ယင်းအယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်မှုကဏ္ဍများကိုသာမက အခြားသောထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကိုပါ တိုက်ရိုက်တစ်နည်း၊ သွယ်ဝိုက်၍တစ်ဖုံ ကြီးမားသောသက်ရောက်မှုများ ဖြစ်ပေါ်လာစေပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း အယ်လ်နီညိုဖြစ်စဉ်၏ ခြွင်းချက်ပေးခြင်းမခံရသော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။

နီပေါနိုင်ငံတွင် မကြာမြင့်မီကာလကပင် ဖြစ်ပွားခဲ့သော ရုတ်တရက်ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ဆိုးကြီးသည် အယ်လ်နီညိုဖြစ်စဉ်၏ ခရီးသွားလုပ်ငန်းအပေါ် ကြီးမားသောခြိမ်းခြောက်မှုကို အရေးကြီးသတိပေးခေါင်းလောင်း ထိုးလိုက်သကဲ့သို့ပင်ဖြစ်ပါသည်။ ခရီးသွားရာသီချိန်စတင်ခါနီးအချိန်တွင် ဖြစ်ပေါ်ခဲ့သော ယင်းသဘာဝဘေးဖြစ်စဉ်သည် ခရီးသွားလုပ်ငန်း၏ သဘာဝဘေးအန္တရာယ်အပေါ် ကြံ့ကြံ့ခံနိုင်စွမ်းကို မေးခွန်းထုတ်လိုက်သော ဖြစ်စဉ်တစ်ခုလည်း ဖြစ်ပါသည်။ လက်ရှိအနေအထားသည် နီပေါနိုင်ငံသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက် ခရီးစဉ်တစ်ခုလုံးကို အလျင်စလို ဖျက်သိမ်းရန်မလိုကြောင်းနှင့် မိမိသွားရောက်မည့် ခရီးစဉ်ကို ဘေးအန္တရာက်ကျရောက်ခဲ့သည့်ဒေသနှင့် သေချာစွာ တိုက်ဆိုင်စိစစ်ပြီးမှသာ ဆုံးဖြတ်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားပါသည်။

ခရီးသွားများအနေဖြင့် ခရီးစဉ်ကို အလျင်စလို ဖျက်သိမ်းမှုများပြုလုပ်ပါက ဘေးအန္တရာယ်ကျရောက်မှုမရှိသည့် ဝေလံခေါင်ဖျားတောင်တန်းဒေသများမှ ခရီးသွားလုပ်ငန်းကို အမှီပြုနေသော ဒေသခံများအတွက် စီးပွားရေးဆိုင်ရာထိခိုက်မှုများဖြစ်လာနိုင်ကြောင်းနှင့် သဘာဝဘေးသတင်းတစ်ခုတည်းဖြင့် မိမိတို့၏ နီပေါနိုင်ငံ အားလပ်ရက်ခရီးစဉ်ကို အဆုံးမသတ်ကြရန် (Travel responsibly, not fearfully) အသိပေးမေတ္တာရပ်ခံထားသည်ကိုလည်း တွေ့ရှိရပါသည်။

သို့သော် ဒေသတွင်း ခရီးသွားအရင်းအမြစ်များအရ နီပေါနိုင်ငံ၏ ယခုနှစ်ခရီးသွားရာသီအတွက် ကြိုတင်မှာကြားထားမှုများကို ပယ်ဖျက်မှုမှာ ရာခိုင်နှုန်း ၄၀ မှ ၆၀ အတွင်း ရှိနိုင်ကြောင်း သိရှိရသည်။ သို့ဖြစ်ရာ နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရုတ်တရက်ရေကြီးမှုသည် သဘာဝဘေးအန္တရာယ်တစ်ခုသာမက ခရီးသွားလုပ်ငန်း၊ နိုင်ငံ့စီးပွားရေး၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံတကာခရီးသွားများ၏ ယုံကြည်မှုတို့ကိုပါ ထိခိုက်စေနိုင်သောဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် နီပေါနိုင်ငံသည် ဟိမဝန္တာတောင်တန်းများ၊ တောင်တက်ခရီးစဉ်များ၊ သဘာဝအခြေပြုခရီးသွားလုပ်ငန်းနှင့် စွန့်စားခရီးသွားလုပ်ငန်းတို့ဖြင့် ကမ္ဘာကျော်သောကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများက ခရီးသွားလုပ်ငန်းကို တိုက်ရိုက်ထိခိုက်စေနိုင်ပါသည်။

ထိုအခြေအနေများကြောင့် ရာသီဥတုပြောင်းလဲမှုများကြားတွင် ခရီးသွားလုပ်ငန်းသည် မည်သို့မည်ပုံ ရေရှည်တည်တံ့နိုင်မည်နည်း၊ နိုင်ငံ့စီးပွားရေးကို ခရီးသွားလုပ်ငန်းအပေါ်တွင် စတင်အမှီပြုလာသော ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများတွင် ခရီးသွားလုပ်ငန်းသည် မည်သို့မည်ပုံ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်နည်းဟူသော အရေးကြီးသည့်မေးခွန်းများ ပေါ်ပေါက်လာစေပါသည်။ အပူချိန်အလွန်မြင့်မားခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ခြင်းနှင့် ရေရှားပါးခြင်းတို့သည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်အတွေ့အကြုံအပေါ် များစွာသက်ရောက်မှုရှိပြီး ခရီးစဉ်ဒေသ၏ပုံရိပ်ကို ပြင်းထန်စွာ ထိခိုက်စေနိုင်ပါသည်။

ထိုအခြေအနေများကြောင့် ခရီးစဉ်များ ပြောင်းလဲရခြင်း၊ ဖျက်သိမ်းရခြင်း၊ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ် မြင့်တက်ခြင်းနှင့် ခရီးသွားဧည့်သည်များ၏ ယုံကြည်မှုလျော့ပါးခြင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ အယ်လ်နီညိုနှင့် ဆက်စပ်သည့် ကမ္ဘာ့အပူချိန်မြင့်တက်မှုသည် အချို့သောဒေသများတွင် အပူလှိုင်းများ ပိုမိုပြင်းထန်လာနိုင်ခြေကို မြင့်မားစေပါသည်။ အထူးသဖြင့် နွေရာသီအတွင်း အပူချိန်မြင့်မားလေ့ရှိသော မြို့ပြခရီးစဉ်များ၊ သဲကန္တာရဒေသများနှင့် နေရောင်အောက်တွင် အချိန်ကြာမြင့်စွာ သွားလာလှုပ်ရှားရသည့် ခရီးစဉ်များတွင် ယင်းသက်ရောက်မှုကို ပိုမိုသတိပြုရန် လိုအပ်ပါသည်။

**ဥပမာအားဖြင့် ပြင်ပလွင်ပြင်ရှိ ရှေးဟောင်းအမွေအနှစ်များကို လေ့လာသည့် ခရီးစဉ်များ၊ လမ်းလျှောက်လေ့လာကြည့်ရှုရသည့် ခရီးစဉ်များကို အပူချိန်အလွန်မြင့်မားသည့် အချိန်အတွင်း ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်၍ နံနက်အစောပိုင်း သို့မဟုတ် ညနေပိုင်းအချိန်များ၌ အစားထိုးဆောင်ရွက်သင့်ပါသည်။ ထို့အပြင် အပူသက်သာသော အဆောက်အအုံများအတွင်း လှည့်လည်ပြသရသော ခရီးစဉ်များ (ဥပမာအားဖြင့် ပြတိုက်များ)ကို ဧည့်သည်များ၏ ကျန်းမာရေးနှင့် သက်သောင့်သက်သာရှိမှုအတွက် ခရီးစဉ်တွင် ထည့်သွင်းရေးဆွဲပေးရမည်ဖြစ်ပါသည်။**

ထို့ကြောင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ခရီးသွားလုပ်ငန်းအတွင်း အပြောင်းအလဲများ၊ ရာသီဥတုကို မှီတည်၍ လိုက်ပါထိန်းညှိမှုများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အယ်လ်နီညိုဖြစ်စဉ်ကို ခရီးသွားလုပ်ငန်းအပေါ် လွှမ်းမိုးသည့် အချက်တစ်ခုအဖြစ် နားလည်ထားရန် လိုအပ်သော်လည်း ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုအားလုံး၏ တစ်ခုတည်းသောအကြောင်းရင်းအဖြစ် မမှတ်ယူသင့်ပါ။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ဒေသတွင်း ရာသီဥတုပုံစံများ၊ အခြေခံအဆောက်အအုံများ၏ အခြေအနေ၊ စီးပွားရေးအခြေအနေ၊ လူမှုရေးနှင့် ပညာရေး၊ အသိပညာပေးရေးဆိုင်ရာ အချက်အလက်များသည်လည်း အယ်လ်နီညိုဖြစ်စဉ်ကာလ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုရှိမည်ဖြစ်သလို လိုအပ်သလို ထိန်းညှိဆောင်ရွက်မှုများတွင်လည်း အရေးပါသောအချက်များဖြစ်လာမည် ဖြစ်ပါသည်။ ဤသို့သော အခြေအနေတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ (Destination Management Organizations – DMOs) သည် မိမိတို့၏ ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုပုံစံများကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်လာမည်ဖြစ်ပါသည်။

အပူချိန်မြင့်မားသည့် ကာလများတွင် ခရီးသွားဝင်ရောက်မှု မကျဆင်းသွားစေရန်နှင့် ခရီးသွားများ၏ ကျန်းမာရေးနှင့်ခရီးစဉ်၏ အတွေ့အကြုံ၊ ခရီးစဉ်ဒေသ၏ အရည်အသွေး ထိခိုက်မှုမရှိစေရန် ဆိုသည့် အချက်များအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ခရီးစဉ်၏ ကြာမြင့်ချိန်နှင့် လှည့်လည်ပြသချိန်များ၊ သောက်သုံးရေနှင့် အနားယူရန်အချိန်၊ အပူဒဏ်ဆိုင်ရာ အသိပေးကြေညာချက်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၏ ကြံ့ခိုင်မှုနှင့် အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် လိုအပ်နိုင်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ပါသည်။

အယ်လ်နီညိုသည် အချို့ဒေသများတွင် ပူပြင်းခြောက်သွေ့မှုကို ပိုမိုဖြစ်ပေါ်စေနိုင်သော်လည်း အခြားဒေသများ၌မူ မိုးရွာသွန်းမှုပုံစံများကို ပြောင်းလဲစေနိုင်ပါသည်။ အချို့နေရာများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှု၊ မြေပြိုတောင်ပြိုမှုများ ဖြစ်ပေါ်နိုင်သော်လည်း ယင်းဖြစ်စဉ်တို့သည် နေရာတိုင်းတွင် တူညီစွာဖြစ်ပေါ်မည် မဟုတ်ပါ။ ခရီးသွားလုပ်ငန်းအတွက် ယင်းအခြေအနေသည် လမ်းပန်းဆက်သွယ်ရေး၊ လေကြောင်းခရီးစဉ်၊ ရေကြောင်းခရီးစဉ်၊ ခြေကျင်တောင်တက်ခရီးစဉ်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စွန့်စားခရီးသွားလုပ်ငန်းတို့အပေါ် ကြီးမားသော သက်ရောက်မှုများ ရှိလာနိုင်ပါသည်။

လမ်းတံတားပျက်စီးခြင်း၊ မြေပြိုခြင်း၊ လေကြောင်းခရီးစဉ်များဖျက်သိမ်းရခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းတို့ကြောင့် ခရီးသွားများ၏ ခရီးစဉ်နှောင့်နှေးခြင်း၊ ခရီးစဉ်ဆိုင်ရာ လုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်းများ လျော့နည်းကျဆင်းခြင်းတို့ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း၏ အောင်မြင်မှုသည် ဧည့်သည်အရေအတွက်နှင့် ဝင်ငွေရရှိမှုတို့အပေါ်တွင်သာ လုံးလုံးလျားလျား မှီခိုနေသည်မဟုတ်ဘဲ ဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် ခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံမှုကို အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးနိုင်မှုတို့ အပေါ်တွင်လည်း တည်မှီနေသည်ကို သတိပြုရမည်ဖြစ်ပါသည်။

သဘာဝဘေးတစ်ခုကြောင့် ပျက်စီးယိုယွင်းသွားသော ခရီးစဉ်ဒေသတစ်ခုသည် ခရီးသွားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်စောင့်ရှောက်နိုင်သည့် လုံလောက်သောအစီအမံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကြောင့် ကြံ့ကြံ့ခံနိုင်သော ခရီးစဉ်ဒေသတစ်ခုအဖြစ် လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်မည်ဖြစ်ပါသည်။ ယင်းသည်ပင် အောင်မြင်သော ခရီးစဉ်ဒေသတစ်ခုအဖြစ် သက်သေပြမှုပင်ဖြစ်ပါသည်။

အယ်လ်နီညိုဖြစ်စဉ်များ မတိုင်မီကပင် ရာသီဥတုသည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်ကို လွှမ်းမိုးလေ့ရှိသည့် အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ “မန္တလေးမှာ အတော်ပူနေသလား”၊ “ကလောမှာ စအေးနေပြီလား”၊ “ရန်ကုန်မှာ မိုးအလွန်များနေသလား” စသော မေးမြန်းစုံစမ်းချက်များက “လေယာဉ်လက်မှတ်ရနိုင်သလား”၊ “ကားနဲ့သွားဖို့ အဆင်ပြေသလား” စသည့်မေးမြန်းမှုများကဲ့သို့ပင် ခရီးသွားများအတွက် သွားရောက်လည်ပတ်မည့် ခရီးစဉ်ဒေသရွေးချယ်မှုဆိုင်ရာ အဆုံးအဖြတ်များတွင် အရေးပါသော အကြောင်းအချက်များ ဖြစ်ပါသည်။

ရာသီဥတုအခြေအနေများအပေါ် မူတည်၍ ခရီးသွားများသည် ခရီးစဉ်ရက် အပြောင်းအလဲပြုလုပ်ခြင်း၊ ခရီးစဉ်ဒေသ ပြောင်းလဲရွေးချယ်ခြင်း၊ ခရီးစဉ်ဖျက်သိမ်းခြင်းတို့ကို ပြုလုပ်လေ့ရှိကြပါသည်။ သို့ဖြစ်ရာ အယ်လ်နီညိုဖြစ်စဉ်ကဲ့သို့သော ပြင်းထန်သော ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်များသည် ခရီးသွားလုပ်ငန်းအပေါ် မည်မျှသက်ရောက်မှုရှိမည်ကို အလွယ်တကူပင်ခန့်မှန်း၍ ရနိုင်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ မတူကွဲပြားသည့် ရာသီဥတုရေမြေအနေအထားများကို ပိုင်ဆိုင်ထားရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေကဲ့သို့သော ကမ္ဘာသိထင်ရှားသည့် ခရီးစဉ်ဒေသတည်ရှိရာ ပူပြင်းခြောက်သွေ့သော မြန်မာနိုင်ငံအလယ်ပိုင်း

> **“ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ဒေသတွင်း ရာသီဥတုပုံစံများ၊ အခြေခံအဆောက်အအုံများ၏ အခြေအနေ၊ စီးပွားရေးအခြေအနေ၊ လူမှုရေးနှင့် ပညာရေး၊ အသိပညာပေးရေးဆိုင်ရာ အချက်အလက်များသည်လည်း အယ်လ်နီညိုဖြစ်စဉ်ကာလ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုရှိမည်ဖြစ်သလို လိုအပ်သလို ထိန်းညှိဆောင်ရွက်မှုများတွင်လည်း အရေးပါသောအချက်များဖြစ်လာမည် ဖြစ်ပါသည်။ ဤသို့သော အခြေအနေတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ (Destination Management Organizations – DMOs) သည် မိမိတို့၏ ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုပုံစံများကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်လာမည် ”**

*စာမျက်နှာ ၇ သို့*

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ အကြိမ်(၃၀)မြောက် စွမ်းအင်နှင့်ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ပြီး နှစ်နိုင်ငံအကြား Roadmap on Cooperation လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၇**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပသော အကြိမ်(၃၀)မြောက် စွမ်းအင်နှင့်ဂေဟဗေဒစနစ်ဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ ရက်တွင် မင့်စ်မြို့သို့ ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၂၇ ရက်တွင် ဖိုရမ်သို့ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ တက်ရောက်၍ ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေး Plenary section သို့ Developing Energy , Developing the Economy ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။




ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏တည်ရှိနေမှု ပထဝီအနေအထားအရ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်စပ်ပေးလျက်ရှိသည့် တံတားသဖွယ်ဖြစ်နေ၍ ယင်းအခွင့်အလမ်းကို အသုံးချပြီး စွမ်းအင်ဆိုင်ရာကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အဆွေတော်နိုင်ငံများအား မိမိတို့မြန်မာနိုင်ငံသို့ လာရောက်လေ့လာပြီး ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ရင်းမြစ်များထိုက်သင့်သည့် ပေါကြွယ်ဝမှုရှိသည့်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးတွင်ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် စိန်ခေါ်မှုများစွာရှိနေသည့်အတွက် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစွာဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးချခြင်း၊ သဘာဝဓာတ်ငွေ့ရည်ဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဆိုင်ရာ သင်ကြားကူညီမှု၊ လူ့စွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေမှု စသည်တို့လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေခြင်း၊ သင့်လျော်သော ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ရေရှည်ချမှတ် ဆောင်ရွက်ခြင်းဖြင့် စွမ်းအင်လုံခြုံရေးကို တိုးတက်စေပြီး အနာဂတ်အတွက် ယုံကြည်စိတ်ချရပြီး ရေရှည်တည်တံ့သည့် စွမ်းအင်အဖြစ် တိုးတက်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့ကြား Roadmap on Cooperation လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါ Roadmap on Cooperation နှစ်နိုင်ငံကြား မဟာဓာတ်အားလိုင်းများအား အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတွင် ဖြစ်ပေါ်နိုင်သည့် လေလွင့်ဆုံးရှုံးမှုများ (Losses) လျှော့ချရေး နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ခြင်း၊ Smart Power Generation နှင့် Smart Grid တို့ ဖွံ့ဖြိုးလာစေရေးအတွက် နည်းပညာများ အကူအညီပေးခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှစ်ရပ်လုံးတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးအတွက် ဘယ်လာရုစ်နိုင်ငံ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၊ သင်တန်းကျောင်းများ၊ တက္ကသိုလ်များသို့ သင်တန်းသားများ စေလွှတ်၍ သက်ဆိုင်ရာဘာသာရပ်များ လေ့ကျင့်သင်ကြားခြင်း စသည်တို့ပါဝင်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် Energy Expo တွင် ခင်းကျင်းပြသထားသည့် နိုင်ငံတကာ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာပြခန်းများအား လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အောင်လံမြို့၌ (၆၂) ကြိမ်မြောက် သက်တော်ရှည်ဆရာတော်များနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

**အောင်လံ အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ (၆၂)ကြိမ်မြောက် သက်တော်ရှည် ဆရာတော်ကြီးများနှင့် အသက် ၉၀ နှစ်နှင့် အထက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က ဆုတောင်းပြည့် ရွှေပြောင်ပြောင်ဘုရားတွင် ကျင်းပရာ သက်တော်ရှည် ရွှေပေါက်ပင်ကျောင်းတိုက်ဆရာတော် ဦးဉာဏသာမိထံမှ ကိုးပါးသီလခံယူကြပြီး ကြွရောက်လာကြသော ဒေသ့ပရိသတ်များက သက်တော်ရှည် ဆရာတော်ကြီးများနှင့် အဘိုးအဘွားများအား ကန်တော့ကြသည်။ ဆက်လက်၍ သက်တော်ရှည် ဆရာတော်ကြီးများနှင့် အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွား ၈၆ ဦးတို့အား ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



**မြို့နယ်**
**(ပြန်/ဆက်)**

## သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့၌ ဒေးခင်တောင်တက်ဘုရားပွဲ လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

**ဘီးလင်း အောက်တိုဘာ ၂၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့၌ နှစ်စဉ်ကျင်းပလျက်ရှိသော ဒေးခင်တောင်တက်ဘုရားပွဲသို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ဒေးခင်တောင်တက်ပွဲသို့ နှစ်စဉ် ဘီးလင်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာနေပြည်သူများက လာရောက်လည်ပတ်လျက်ရှိပြီး လာရောက်လည်ပတ်သူများအား သက်သတ်လွတ် ထမင်း၊ အကြော်စုံ၊ မုန့်ဟင်းခါး စသည်တို့ဖြင့် ဒေးခင်တောင်ပေါ်တွင် ကျွေးမွေးလျက်ရှိပြီး တောင်ခြေတစ်လျှောက်တွင်လည်း ကလေးကစားကွင်း ဈေးဆိုင်မျိုးစုံရှိကာ တောင်တက်ပွဲလာသူများ၊ ပွဲဈေးတန်းလျှောက်လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




*စာမျက်နှာ ၆ မှ*

မြေပြန့်လွင်ပြင်ဒေသ၊ ငွေဆောင်၊ ချောင်းသာကဲ့သို့သော ပင်လယ်ကမ်းခြေအပန်းဖြေခရီးစဉ်ဒေသများ၊ မြန်မာနိုင်ငံတောင်ပိုင်းရှိ မြိတ်ကျွန်းစုကဲ့သို့သော အဏ္ဏဝါနှင့် ကမ်းရိုးတန်းခရီးစဉ်ဒေသများ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ကဲ့သို့သော တောင်ကုန်းတောင်တန်းနှင့် ရေမြေသဘာဝ အလှအပကို အခြေပြုသော ခရီးစဉ်ဒေသများ စသည်ဖြင့် ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်အတွက် ကောင်းမွန်သော အခွင့်အလမ်းများသဖွယ် တည်ရှိနေပါသည်။ သို့သော် ရေမြေဒေသကွာခြားခြင်းကြောင့် ရာသီဥတုဆိုင်ရာ အားနည်းချက်များနှင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများမှာ ကွာခြားသွားနိုင်ပါသည်။

ထို့ကြောင့် ရာသီဥတုအခြေအနေနှင့် လမ်းကြောင်းအခြေအနေဆိုင်ရာ သတင်းအချက်အလက်များရယူဖြန့်ဝေခြင်း၊ အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းနှင့် ကိုင်တွယ်ထိန်းသိမ်းခြင်း၊ အစားထိုးအစီအစဉ်နှင့် ဒေသခံလူထုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်သင့်ပါသည်။ အပူချိန်လွန်ကဲမှု၊ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှု၊ မြေပြိုမှုဆိုင်ရာ သတိပေးအချက်အလက်များ၊ ယင်းဖြစ်စဉ်များကြောင့် ခရီးစဉ်ဒေသယာယီပိတ်သိမ်းမှုများကို မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင်များ၏ ထုတ်ပြန်ချက်များမှ အချိန်မီရရှိနိုင်စေရန် စီမံဆောင်ရွက်ထားရမည်ဖြစ်ပြီး ခရီးသွားဧည့်သည်များသို့ အသိပေးအကြောင်းကြားခြင်း၊ ခရီးစဉ်အစီအစဉ်များ ပြောင်းလဲခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့က အမေရိကန်နိုင်ငံ National Oceanic and Atmos–pheric Administration (NOAA) ၏ Climate Prediction Center မှ ထုတ်ပြန်မှုအရ အယ်လ်နီညို သည် ပိုမိုအားကောင်းလာနေပြီး ၂၀၂၇ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်းအထိ အားကောင်းသည့် သို့မဟုတ် အလွန်အားကောင်းသည့် အခြေအနေဖြစ်ပေါ်နိုင်ခြေ မြင့်မားနေကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ယင်းကာလသည် မြန်မာနိုင်ငံ၌ ခရီးသွားရာသီနှင့် တိုက်ဆိုင်လျက်ရှိနေပါသည်။ မြန်မာနိုင်ငံတွင်လည်း လာမည့် အယ်လ်နီညိုကို ရင်ဆိုင်နိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် ပြည်သူလူထုအကြား အသိပညာပေးမှုများ ပြုလုပ်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ ရာသီဥတုကို လူသားတို့က အပြည့်အဝထိန်းချုပ်နိုင်မည် မဟုတ်သော်လည်း ရာသီဥတုကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများအပေါ် မိမိတို့၏ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများကိုမူ ပိုမိုတိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

အယ်လ်နီညိုက ခရီးသွားလုပ်ငန်းကို မည်သို့ပြောင်းလဲစေမလဲဆိုသည်မှာ အရေးကြီးသည့်မေးခွန်းတစ်ခုဖြစ်သော်လည်း ထို့ထက်ပို၍ အရေးကြီးသည်မှာ အဆိုပါပြောင်းလဲမှုများကို ရင်ဆိုင်ရန် ခရီးသွားလုပ်ငန်းကဏ္ဍက မည်မျှကြိုတင်ပြင်ဆင်ထားသနည်းဆိုသော မေးခွန်းပင်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း၏ အနာဂတ်ကို အာမခံနိုင်ရန် ခရီးသွားဆွဲဆောင်မှုများကို ရောင်းချသည့် လုပ်ငန်းကဏ္ဍတစ်ခုအဖြစ်သာ မရှုမြင်ဘဲ သဘာဝပတ်ဝန်းကျင်နှင့် အပြန်အလှန်မှီခိုနေသည့် စီးပွားရေးကဏ္ဍတစ်ခုအဖြစ် ရှုမြင်နားလည်နိုင်ရန် လိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ လူသားတို့၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကို ဦးစားပေးခြင်းတို့သည် အနာဂတ်ခရီးသွားလုပ်ငန်း၏ အောင်မြင်မှုကို အဆုံးအဖြတ်ပေးမည့် အဓိကအချက်များဖြစ်လာမည်ဖြစ်ပါသည်။ အယ်လ်နီညို၏ သက်ရောက်မှုများကို ခရီးသွားလုပ်ငန်း၏ အခက်အခဲများအဖြစ် ရှုမြင်မည့်အစား ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုစနစ်များ တည်ဆောက်ရန် အခွင့်အလမ်းတစ်ရပ်အဖြစ် ရှုမြင်ပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာမှ တုံ့ပြန်ခြင်းထက် ကြိုတင်ခန့်မှန်းပြင်ဆင်ခြင်းဖြင့် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး **တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို၌ာန-၁ ရှိ မြခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူချွန်လူကောင်း" ကိုအံ့ကြီး သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့မူမှန်" ကိုတင်အောင်သန်း သီချင်းဖြင့်လည်းကောင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တိုင်းပြည်ချစ်စိတ်ကို







ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်တစ်ဦး၏ တီးခတ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

ပေါ်လွင်အောင် ပိုင်နိုင်လှပသော အသံနေအသံထား၊ အသံအနိမ့်အမြင့် စည်းဝါးမှန်ကန်မှု၊ ဟန်ပန်မူရာ အပြည့်ဖြင့် တက်ကြွစွာ သီဆိုယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ** အလွတ်တန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ဇိုင်ဝါးတိုင်းရင်းသားအကအဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု ကရင်ဒုံးအကအဖွဲ့၊ ချင်းပြည်နယ်ကိုယ်စားပြု ချင်းတိုင်းရင်းသားအကအဖွဲ့၊ မွန်ပြည်နယ်ကိုယ်စားပြု ရွှေဟသ်ာယိမ်းအကအဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီ ရခိုင်မြေယိမ်းအကအဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြု တောင်ရိုးတိုင်းရင်းသားအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မိုးဇာဗျောအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ထားဝယ်ရိုးရာရေအိုးရွက်အကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပျို့တို့ရဂုံဖွေ ကျေးလက်မြေယိမ်းအကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မြန်မာ့အလှကျေးလက်ဘဝယိမ်းအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ကျေးရွာဓလေ့ပျော်မွေ့ဖွယ်ရာ ကျေးလက်ယိမ်းအကအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ဖွံ့ဖြိုးဝေစည်ဧရာဝတီ ကျေးလက်ယိမ်းအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာ ဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ် ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သမ္မောဒမာနဇာတ်" ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် ဆို၊ ငို၊ ပြော ပညာရပ်များဖြင့် ပေါင်းစပ်၍ စွမ်းရည်ပြသဟောပြောယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သာရကာကျေး"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောင် တောင်စွယ်"(ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊

*စာမျက်နှာ ၉ သို့*







ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဦးဆန်းမင်းအောင်၏ တီးခတ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။





စောင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်စဉ်။





အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး သီဆိုယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၈ မှ*

**ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဟေမဝန်ချာ"(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ငွေလျှံ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်တီးခတ်ကြသည်။

**စောင်းအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၁ ရှိ နီလာခန်းမ၌ ကျင်းပရာ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်စိန်ဝမ်ချိုင်း(ခ)ထက်နိုင်ဇော်၏ တီးခတ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး၏ တီးခတ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မြေသာစံ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စုံသာမြိုင်လယ်"(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေနန်းအောင်ချာ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ညဥ့်သုံးယံခါ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း မြန်မာ့ရိုးရာစောင်းတူရိယာ၏ သိမ်မွေ့နက်နဲသောအသံများကို စည်းနှင့်ဝါး မှန်ကန်စွာဖြင့် သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။ **ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဂီတာအတီးပြိုင်ပွဲ**ကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်" (ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပုံပမာ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဒုံမင်းအတီးပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကောင်းခြင်းမင်္ဂလာ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တဖုသယ်"(ရွှေတိဂုံသမိုင်းဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါနွေဆန်းလန်းစီစီ" (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ချာမြေကို" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြပြီး ယနေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဘာသာရပ်အလိုက် ပြိုင်ပွဲများအားလုံး ပြီးဆုံးပြီဖြစ်သည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး သီဆိုယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ စတားရွှေရည်ဖိုးဇော် တီးခတ်ယှဉ်ပြိုင်စဉ်။

# မြို့ပြဖြစ်ထွန်းမှုနှင့် စိန်ခေါ်မှုများ အခွင့်အလမ်းများကို အကျိုးရှိစွာ အသုံးချ၍ ရေရှည်တည်တံ့သော မြို့ပြဘဝကို ဖော်ဆောင်ခြင်း

*ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)*

### လူနေမှုဘဝ ပြောင်းလဲလာခြင်းနှင့် မြို့ပြဖြစ်ထွန်းမှု

ကမ္ဘာကြီး၏ လူနေမှုဘဝသည် စီးပွားရေး၊ နည်းပညာ၊ ပညာရေးနှင့် လူမှုရေးအခြေအနေများ ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ အသွင်ပြောင်းလျက်ရှိသည်။ ထိုပြောင်းလဲမှုများအနက် မြို့ပြဖြစ်ထွန်းမှုသည် လူဦးရေနေထိုင်မှုပုံစံ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် အရေးပါသော သက်ရောက်မှုရှိသည့် ဖြစ်စဉ်တစ်ခု ဖြစ်သည်။

မြို့ပြဖြစ်ထွန်းမှုဆိုသည်မှာ မြို့များ၏ အရွယ်အစားနှင့် လူဦးရေတိုးပွားလာခြင်းသာမက လူဦးရေစုစုပေါင်းအနက် မြို့ပြဒေသများတွင် နေထိုင်သူများ၏ အချိုးအစားမြင့်တက်လာခြင်းကိုလည်း ဆိုလိုသည်။ မြို့ပြများတွင် အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီနိုင်ခြင်းကြောင့် လူအများအတွက် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာသည်။

သို့သော် မြို့ပြလူဦးရေ လျင်မြန်စွာ တိုးပွားလာသည့်အခါ အိမ်ရာလိုအပ်ချက် မြင့်တက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ရေသန့်နှင့် သန့်ရှင်းရေးဝန်ဆောင်မှုများ မလုံလောက်ခြင်း၊ အမှိုက်စီမံခန့်ခွဲမှု အားနည်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်းတို့လည်း ဖြစ်ပေါ်လာနိုင်သည်။

အဆိုပါ စိန်ခေါ်မှုများကို ကြိုတင်မဖြေရှင်းနိုင်ပါက မြို့ပြ၏ အကျိုးကျေးဇူးများကို လူတိုင်းတန်းတူခံစားနိုင်ရေးနှင့် လူနေမှုဘဝအရည်အသွေး မြှင့်တင်ရေးတို့တွင် အခက်အခဲများ ကြုံတွေ့လာနိုင်သည်။ ထို့ကြောင့် မြို့ပြဖြစ်ထွန်းမှုကို အဆောက်အအုံများနှင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လာခြင်းအဖြစ်သာ မမြင်ဘဲ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်ရန် လိုအပ်သည်။

ဤဆောင်းပါးတွင် မြို့ပြဖြစ်ထွန်းမှု၏ ကမ္ဘာလုံးဆိုင်ရာလမ်းကြောင်း၊ လူများ မြို့ပြသို့ပြောင်းရွှေ့လာရသည့် အကြောင်းရင်းများ၊ ရရှိနိုင်သော လူမှုစီးပွားအခွင့်အလမ်းများနှင့် ရင်ဆိုင်ရနိုင်သော စိန်ခေါ်မှုများကို ဆက်စပ်သုံးသပ်တင်ပြသွားမည် ဖြစ်သည်။ ထို့ပြင် စနစ်တကျ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ အခြေခံဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်း၊ ပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်ခြင်းတို့မှတစ်ဆင့် မြို့ပြဖွံ့ဖြိုးမှုကို လူနေမှုဘဝတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ရန် ရည်ရွယ်သည်။

### ကမ္ဘာလုံးဆိုင်ရာ မြို့ပြဖြစ်ထွန်းမှုနှင့် ၎င်း၏အရေးပါမှု

ယနေ့ကမ္ဘာတွင် မြို့ပြများသည် လူဦးရေ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် အများပြည်သူဝန်ဆောင်မှုများ စုစည်းရာ အချက်အချာနေရာများ ဖြစ်လာကြသည်။ မြို့ပြဒေသများ ဖွံ့ဖြိုးလာခြင်းသည် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန်၊ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်နိုင်ရန်၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိရန် အထောက်အကူပြုနိုင်သည်။ သို့သော် မြို့ပြလူဦးရေ တိုးပွားလာမှုနှင့်အညီ အိမ်ရာ၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများကို မဖြည့်ဆည်းနိုင်ပါက ဖွံ့ဖြိုးမှု၏ အကျိုးကျေးဇူးများကို အပြည့်အဝရရှိရန် ခက်ခဲလာနိုင်သည်။

> **“ မြို့ပြတစ်မြို့၏ အောင်မြင်မှုသည် အဆောက်အအုံများ မည်မျှ မြင့်မားလာသည်၊ လမ်းများ မည်မျှကျယ်ပြန့်လာသည်ဆိုသည့် အချက်များတွင်သာ မတည်ရှိပါ။ ထိုမြို့တွင် နေထိုင်သူများ မည်မျှ လုံခြုံအဆင်ပြေစွာ နေထိုင်နိုင်သည်၊ အခွင့်အလမ်းများကို မည်မျှ မျှတစွာရရှိနိုင်သည်နှင့် အနာဂတ်မျိုးဆက်များအတွက် မည်မျှ ကောင်းမွန်သော ပတ်ဝန်းကျင်ကို ချန်ထားနိုင်သည်ဆိုသည့်အချက်များက ပိုမိုအရေးကြီး ”**

မြို့ပြဖြစ်ထွန်းမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ အလုပ်အကိုင်ရရှိမှု၊ လူမှုရေးအခွင့်အလမ်းများနှင့် သဘာဝပတ်ဝန်းကျင်အပေါ်ပါ သက်ရောက်မှုရှိသည်။ ထို့ကြောင့် မြို့ပြဖွံ့ဖြိုးရေးကို အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် မြို့ဧရိယာချဲ့ထွင်ခြင်းတို့ဖြင့်သာ တိုင်းတာမည့်အစား နေထိုင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုနှင့် ရေရှည်တည်တံ့သော လူနေမှုဘဝကို ဖန်တီးပေးနိုင်မှုတို့ဖြင့်ပါ သုံးသပ်သင့်သည်။

### ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့လာရသည့် အကြောင်းရင်းများ

လူများ မြို့ပြသို့ ပြောင်းရွှေ့လာရခြင်းတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေနည်းပါးခြင်းနှင့် ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမမီခြင်းတို့ ပါဝင်နိုင်သည်။ အခြားတစ်ဖက်တွင် မြို့ပြဒေသများ၌ အဆင့်မြင့်ပညာသင်ယူနိုင်ခြင်း၊ ကျွမ်းကျင်မှုနှင့် ကိုက်ညီသော အလုပ်အကိုင်ရရှိနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်း စတင်နိုင်ခြင်းနှင့် အခြားဝန်ဆောင်မှုများကို အသုံးပြုနိုင်ခြင်းတို့သည် လူများကို ဆွဲဆောင်သည့် အကြောင်းရင်းများဖြစ်သည်။

ဥပမာအားဖြင့် ကျေးလက်ဒေသမှ လူငယ်တစ်ဦးသည် တက္ကသိုလ်ပညာ ဆက်လက်သင်ယူရန် သို့မဟုတ် မိမိ၏ကျွမ်းကျင်မှုနှင့် ကိုက်ညီသော အလုပ်အကိုင်ရရှိရန် မြို့ပြသို့ ပြောင်းရွှေ့နိုင်သည်။ ထိုသို့ပြောင်းရွှေ့ခြင်းသည် လူငယ်တစ်ဦး၏အနာဂတ်အတွက် အခွင့်အလမ်းဖြစ်သကဲ့သို့ မြို့ပြ၏ လုပ်သားအင်အားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုနိုင်သည်။

သို့ရာတွင် မြို့ပြသို့ ဝင်ရောက်လာသူများအတွက် အလုပ်အကိုင်နှင့် အိမ်ရာအခွင့်အလမ်းများ မလုံလောက်ပါက လူနေမှုစရိတ်ကြီးမြင့်ခြင်းနှင့် အခြေခံဝန်ဆောင်မှုများ ရရှိရန် အခက်အခဲများ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် မြို့ပြဒေသများ၏ လက်ခံနိုင်စွမ်းကို တိုးမြှင့်ပေးခြင်းနှင့်အတူ ကျေးလက်ဒေသများတွင်လည်း အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သင့်သည်။ ယင်းသည် လူများအနေဖြင့် မိမိတို့၏ နေထိုင်ရာဒေသ၌ပင် သင့်လျော်သော အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် အရေးကြီးသည်။

### မြို့ပြဖြစ်ထွန်းမှုမှ ရရှိနိုင်သော လူမှုစီးပွားအခွင့်အလမ်းများ

မြို့ပြဒေသများတွင် စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းတည်ရှိခြင်းကြောင့် အလုပ်အကိုင်နှင့် ကုန်သွယ်ရေးအခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်သည်။ စက်မှုလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ နည်းပညာလုပ်ငန်းများနှင့် အစားအသောက်၊ သယ်ယူပို့ဆောင်ရေး၊ ပြုပြင်ထိန်းသိမ်းရေးကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းသည် မိသားစုများ၏ ဝင်ငွေတိုးတက်ရေးကို အထောက်အကူပြုနိုင်သည်။

ထို့ပြင် ကျောင်းများ၊ တက္ကသိုလ်များနှင့် ကျန်းမာရေးဌာနများကို လက်လှမ်းမီနိုင်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အရေးပါသည်။ ကျွမ်းကျင်မှုသင်တန်းများ၊ နည်းပညာ အသုံးချမှုနှင့် စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်နိုင်ပါက မြို့ပြဒေသများသည် လူငယ်များအတွက် အလုပ်အကိုင် ဖန်တီးပေးသည့် နေရာများအဖြစ် ပိုမိုအားကောင်းလာနိုင်သည်။

သို့သော် အခွင့်အလမ်းများရှိနေခြင်း တစ်ခုတည်းဖြင့် လူတိုင်းအကျိုးခံစားနိုင်မည် မဟုတ်ပါ။ ကျွမ်းကျင်မှုမလုံလောက်ခြင်း၊ ဝင်ငွေနှင့် လူမှုစီးပွားအခြေအနေ ကွာခြားခြင်း၊ ဝန်ဆောင်မှုများကို လက်လှမ်းမမီခြင်းတို့ကြောင့် အချို့သူများသည် ဖွံ့ဖြိုးမှု၏ အကျိုးကျေးဇူးများကို အပြည့်အဝ မရရှိနိုင်ပေ။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး၊ သင့်လျော်သော အလုပ်အကိုင်များ ဖန်တီးရေးနှင့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သည်။

### မြို့ပြဖြစ်ထွန်းမှုကြောင့် ရင်ဆိုင်ရသော စိန်ခေါ်မှုများ

မြို့ပြလူဦးရေ တိုးပွားလာခြင်းနှင့်အတူ အိမ်ရာလိုအပ်ချက် မြင့်တက်လာပြီး အချို့ဒေသများတွင် အိမ်ငှားခနှင့် မြေဈေးနှုန်းများ မြင့်မားလာနိုင်သည်။ ယင်းကြောင့် ဝင်ငွေနည်းမိသားစုများအတွက် သင့်လျော်သော အိမ်ရာရရှိရေးသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနိုင်သည်။ အလားတူ လမ်းပန်းဆက်သွယ်ရေးနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေး မလုံလောက်ပါက ယာဉ်ကြောပိတ်ဆို့မှု၊ ခရီးသွားလာချိန် ကြာမြင့်မှုနှင့် လေထုညစ်ညမ်းမှုတို့ ဖြစ်ပေါ်လာနိုင်သည်။

အခြေခံဝန်ဆောင်မှုများသည်လည်း အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ လူဦးရေ တိုးပွားလာမှုနှင့်အညီ ရေပေးဝေရေး၊ မိလ္လာစနစ်၊ အမှိုက်သိမ်းဆည်းရေးနှင့် ရေဆင်းစနစ်များကို မတိုးချဲ့နိုင်ပါက ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရေကြီးရေလျှံမှုနှင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်။ စိမ်းလန်းသောနေရာများ လျော့နည်းလာခြင်းနှင့် သဘာဝမြေယာများကို စနစ်တကျ မစီမံနိုင်ခြင်းတို့ကလည်း မြို့ပြနေထိုင်မှု၏ သက်သောင့်သက်သာရှိမှုကို ထိခိုက်စေနိုင်သည်။

ဤစိန်ခေါ်မှုများသည် မြို့ပြဖြစ်ထွန်းမှုကြောင့် အလိုအလျောက် ဖြစ်ပေါ်လာရမည့် ပြဿနာများ မဟုတ်ဘဲ စီမံကိန်းရေးဆွဲမှု၊ ဝန်ဆောင်မှုဖြည့်ဆည်းမှုနှင့် အရင်းအမြစ်စီမံခန့်ခွဲမှုတို့အပေါ် များစွာမူတည်သည်။ ထို့ကြောင့် ပြဿနာများ ပေါ်ပေါက်လာပြီးမှ ဖြေရှင်းခြင်းထက် လူဦးရေတိုးပွားမှုနှင့် အနာဂတ်လိုအပ်ချက်များကို ကြိုတင်ခန့်မှန်းကာ အိမ်ရာ၊ သယ်ယူပို့ဆောင်ရေး၊ ရေ၊ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပေါင်းစပ်စီမံရန် လိုအပ်သည်။

### ရေရှည်တည်တံ့သော မြို့ပြဘဝအတွက် လက်တွေ့ကျသည့် ဖြေရှင်းနည်းများ

ရေရှည်တည်တံ့သော မြို့ပြဘဝကို ဖော်ဆောင်ရန် မြို့ပြစီမံကိန်းများကို လူဦးရေလိုအပ်ချက်၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများနှင့် ကိုက်ညီအောင် ရေးဆွဲရမည်။ သင့်လျော်သော အိမ်ရာများ ဖော်ဆောင်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကို အားကောင်းစေခြင်း၊ လမ်းလျှောက်ရန်နှင့် စက်ဘီးစီးရန် အဆင်ပြေသောလမ်းများ ပြုလုပ်ခြင်း၊ ရေပေးဝေရေးနှင့် အမှိုက်စီမံခန့်ခွဲမှုစနစ်များ တိုးတက်စေခြင်းတို့သည် မြို့ပြနေထိုင်မှု၏ အရည်အသွေးကို မြှင့်တင်နိုင်သည်။

ဥပမာအားဖြင့် အလုပ်အကိုင်၊ ကျောင်း၊ ဈေးနှင့် အခြားဝန်ဆောင်မှုများသို့ သွားလာရ လွယ်ကူသော နေရာများတွင် အိမ်ရာများကို စနစ်တကျ စီမံထားခြင်းသည် ခရီးသွားလာချိန်နှင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်ကို လျှော့ချနိုင်သည်။ ပန်းခြံများ၊ သစ်ပင်များနှင့် စိမ်းလန်းသော နေရာများကို ထိန်းသိမ်းခြင်းသည် မြို့ပြပတ်ဝန်းကျင်ကို ပိုမိုသာယာစေပြီး ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် အထောက်အကူပြုသည်။ ထို့ပြင် ရေကြီးရေလျှံမှုအန္တရာယ်ရှိသော နေရာများကို ကြိုတင်သတ်မှတ်ခြင်းနှင့် ရေဆင်းစနစ်များကို ကောင်းမွန်စွာ ထိန်းသိမ်းခြင်းတို့သည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးမှုများကို လျှော့ချနိုင်သည်။

ဤလုပ်ငန်းများအောင်မြင်စေရန် အစိုးရအဖွဲ့အစည်းများ၊ မြို့ပြစီမံကိန်းပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ ပြည်သူများ၏ လိုအပ်ချက်များကို နားထောင်ခြင်း၊ စီမံကိန်းများကို ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ခြင်းနှင့် ရလဒ်များကို ပုံမှန်စောင့်ကြည့် သုံးသပ်ခြင်းတို့သည် အရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ရန် အထောက်အကူပြုသည်။ ထို့ပြင် ကျေးလက်ဒေသများတွင်ပါ အလုပ်အကိုင်နှင့် အခြေခံဝန်ဆောင်မှုများ တိုးတက်စေရန် ဆောင်ရွက်ခြင်းသည် မြို့ပြနှင့် ကျေးလက်အကြား ဖွံ့ဖြိုးမှု ဟန်ချက်ညီစေရန် အရေးပါသည်။

### မြို့ပြတိုးတက်မှုကို လူနေမှုဘဝတိုးတက်မှုအဖြစ် ပြောင်းလဲကြပါစို့

မြို့ပြဖြစ်ထွန်းမှုသည် အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည့် အရေးပါသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ သို့သော် အိမ်ရာလိုအပ်ချက်၊ ယာဉ်ကြောပိတ်ဆို့မှု၊ အခြေခံဝန်ဆောင်မှု မလုံလောက်မှုနှင့်

*စာမျက်နှာ ၁၁ သို့*

# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းဖို့ဆိုတာ လူငယ်တွေက ပိုပြီးအရေးကြီးလာပါတယ်။ ဒါကြောင့်လည်း အားသွန်ခွန်စိုက် သင်ကြားပို့ချပေးနေပါတယ်။

ဦးစက်ကလေး



ဦးစက်ကလေး
ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု
ဝါသနာရှင်(ပထမတန်း)



ကိုဝင်းဗိုလ်
ပတ္တလားဝါသနာရှင်(ဒုတိယတန်း)ပြိုင်ပွဲ
တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု



ကိုဇော်မျိုးဝင်း
ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု
ဝါသနာရှင်(ဒုတိယတန်း)ကွက်စိပ်ပြိုင်ပွဲဝင်

**ဦးစက်ကလေး ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု ဝါသနာရှင်(ပထမတန်း) ဆိုင်းတစ်ဦးချင်း**

(၂၇) ကြိမ်မြောက် အဆို၊ အက၊ အရေးအတီးပြိုင်ပွဲကြီးမှာ ဝါသနာရှင် ပထမတန်း ဆိုင်းတစ်ဦးချင်းပြိုင်ပွဲမှာ အသက်ကြီးပြိုင်ပွဲဝင်က ကျွန်တော်အပါအဝင် နှစ်ဦးရှိပါတယ်။ လူငယ်တွေလိုတော့ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ မတီးခဲ့ပါဘူး။ ကိုယ့်မှာရှိတဲ့အင်အားနဲ့ သမ္ဘာအတွေ့အကြုံလက်ကလေးနဲ့ပဲ လှအောင်ပအောင် တီးပြယှဉ်ပြိုင်ခဲ့ပါတယ်။ အရင်နှစ်တွေက နည်းပြအနေနဲ့ တိုင်းဒေသကြီးက အဖွဲ့တွေကို ကူညီဆောင်ရွက်ပေးပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းသား ကျောင်းသူလေးတွေနဲ့ ဝါသနာပါတဲ့ လူငယ်တွေကို သင်ကြားပို့ချပေးနေတာတွေရှိပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းဖို့ဆိုတာ လူငယ်တွေက ပိုပြီးအရေးကြီးလာပါတယ်။ ဒါကြောင့်လည်း အားသွန်ခွန်စိုက် သင်ကြားပို့ချပေးနေပါတယ်။ လူငယ်တွေအနေနဲ့လည်း ဒီပြိုင်ပွဲကြီးရှိနေသရွေ့ ဝင်ရောက်ယှဉ်ပြိုင်ကြပါလို့ နှိုးဆော်ပြီး သင်ပြပေးနေပါတယ်။ အပြင်မှာလည်း ဆိုင်းပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုနေပါတယ်။ အခုလို နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲကို အထူးကျေးဇူးတင်ပါတယ်။

**ကိုဝင်းဗိုလ် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ပတ္တလားအတီးဝါသနာရှင် (ဒုတိယတန်း)**

(၂၇) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ပတ္တလားပြိုင်ပွဲမှာ အောင်မင်္ဂလာ(ယိုးဒယား)ဖြစ်ပါတယ်။ ကျွန်တော့်တို့ အတန်းက အကြီးဆုံးအတန်းဖြစ်တဲ့အတိုင်း ပြဋ္ဌာန်းသီချင်းကလည်း ရှစ်ပုဒ်ရှိပါတယ်။ အဲဒီတော့ ဆရာသမားတွေဆီက လနဲ့ချီပြီးလေ့ကျင့်ရပါတယ်။ ကျွန်တော်က ပန်တျာမှာလည်းနည်းပြလုပ်နေတဲ့အတွက် ကလေးတွေကို အမြဲတမ်းပတ္တလားကို သင်ကြားပို့ချပေးနေပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဂီတတွေက တဖြည်းဖြည်း ပျောက်ပျက်လာတာအမှန်ပါပဲ။ စိတ်မဝင်စားတဲ့လူငယ်တွေကို စိတ်ဝင်စားလာအောင် သိမ်းသွင်းရပါတယ်။ လူငယ်မျိုးဆက်သစ်တွေကိုလည်း ကျွန်တော်တို့ ပန်တျာကျောင်းမှာ အမြဲမပျက်လေ့ကျင့်သင်ကြားပေးနေပါတယ်။ ဒီပြိုင်ပွဲကြီးရှိတဲ့အတွက် ရှေးဟောင်းသီချင်းတွေကို ထိန်းသိမ်းခွင့်ရတာပါ။ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ကိုဇော်မျိုးဝင်း ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဝါသနာရှင်(ဒုတိယတန်း)ကွက်စိပ်ပြိုင်ပွဲဝင်**

ကွက်စိပ်ပညာရပ်ကို လေ့လာတာက နှစ်နှစ်လောက်ရှိပါပြီ။ ကွက်စိပ်ဆိုတာ တကယ်တော့ ဆို ငို ပြောလုပ်ရတာဆိုတော့ မလွယ်ဘူးလေ။ အဆိုတို့၊ အတီးတို့ ကျွန်တော် အရင်ကပြိုင်ခဲ့တယ်။ ရွှေတံဆိပ်ဆုတွေရတယ်။ နောက်ပိုင်းမှာ အတီးပညာရှင်လည်းဖြစ်တော့ သံစဉ်တွေကို ကျွန်တော် နားလည်လာပြီ၊ သဘောပေါက်လာပြီဖြစ်တဲ့အတွက် ဒီပညာရပ်ကို လေ့လာပြီး ပြန်လည်ဖော်ထုတ်တာဖြစ်ပါတယ်။ အခုဝင်ပြိုင်တဲ့ဇာတ်တော်က ဘုရားလောင်းငုံးမင်းရဲ့ သမ္မောဒမာန ဇာတ်တော်ဖြစ်ပါတယ်။ ဇာတ်တော်ရဲ့ အကျိုးကျေးဇူးကတော့ စည်းလုံးညီညွတ်ဖို့ ပြောတာဖြစ်ပါတယ်။ ကွက်စိပ်တို့ ရုပ်သေးတို့ဆိုတာ ပျောက်ကွယ်လုနီးပါးရှိပါပြီ။ နောင်လာနောက်သားတွေအနေနဲ့လည်း ဒီပညာရပ်တွေကို တတ်နိုင်သလောက်လေ့လာပါ၊ ဆည်းပူးပါ၊ ပြိုင်ပွဲဝင်ကြပါလို့ ပြောချင်ပါတယ်။ တိုင်းတစ်ပါးယဉ်ကျေးမှုတွေ ဖုံးလွှမ်းမှုမရှိအောင် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးစွာ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို ဖော်ထုတ်ပေးတဲ့အတွက် ကျွန်တော်တို့အတွက် အလွန်ကို ကျေးဇူးကြီးမားပါတယ်။

**ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ ရှမ်းရိုးရာအက(တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ)**

ကျွန်တော်တို့အဖွဲ့အနေနဲ့ camp သွင်းပြီး အကောင်းဆုံး သေချာပြင်ဆင်ခဲ့ပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပြသချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ အခုလို လာရောက်ဖျော်ဖြေတင်ဆက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ကို တစ်ရွာတည်းကပဲ စုစည်းထားတာမဟုတ်ဘဲ မြို့တွေ၊ ရွာတွေ အများထဲကမှ ခက်ခက်ခဲခဲ စုစည်းဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီလိုပွဲကြီးတွေကို ပြုလုပ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကို ကျေးဇူးတင်သလို ကျွန်တော်တို့ကိုဖိတ်ခေါ်ပေးတဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။

**ရောဝတီတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ ဖွံ့ဖြိုးဝေစည်ရောဝတီ ကျေးလက်ယိမ်းအက (တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ)**

ကျွန်မတို့အဖွဲ့အနေနဲ့ အခုလို လာရောက်ဖျော်ဖြေတာ သုံးနှစ်ရှိပါပြီ။ ကျွန်မတို့အဖွဲ့ကို ပညာရေးဒီဂရီကောလိပ်က ကျောင်းသူတွေနဲ့ပဲ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ နှစ်လနီးပါးလောက် ခက်ခက်ခဲခဲလေ့ကျင့်ခဲ့ရပါတယ်။ စည်းဝါးနင်းတာကိုပဲ အတော်လေ့ကျင့်ခဲ့ရပါတယ်။ တိုင်းနဲ့ပြည်နယ် ၁၄ ခုမှာ ကိုယ့်ရောဝတီတိုင်းဒေသကြီးကို ဂုဏ်ဆောင်ပြီး ကပြဖျော်ဖြေခွင့်ရတဲ့အတွက် အများကြီးဝမ်းသာရပါတယ်။ ဂုဏ်လည်းယူမိပါတယ်။ နောက်နှစ်တွေမှာလည်း အများကြီးကြိုးစားသွားပါမယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ - ဟိန်းဇော်မင်း**



ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့။




ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု ဖွံ့ဖြိုးဝေစည်ရောဝတီ ကျေးလက်ယိမ်းအကအဖွဲ့။

*စာမျက်နှာ ၁၀ မှ*

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတို့ကို ကြိုတင်မစီမံနိုင်ပါက မြို့ပြ၏ အကျိုးကျေးဇူးများသည် လူတိုင်းထံ တန်းတူရောက်ရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မြို့ပြဖွံ့ဖြိုးရေးတွင် စီးပွားရေးတိုးတက်မှုကိုသာ အာရုံစိုက်ခြင်းမပြုဘဲ လူမှုရေးတန်းတူညီမျှမှု၊ အခြေခံဝန်ဆောင်မှုများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုပါ တစ်ပြိုင်နက်တည်း ထည့်သွင်းစဉ်းစားရမည်။

မြို့ပြ၏ အနာဂတ်ကောင်းမွန်ရေးသည် စနစ်တကျ စီမံကိန်းရေးဆွဲမှု၊ အရင်းအမြစ်များကို ထိရောက်စွာ အသုံးချမှုနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့အပေါ် မူတည်နေသည်။ မြို့ပြနှင့်ကျေးလက်ဒေသများအကြား ဖွံ့ဖြိုးမှုဟန်ချက်ညီစေရန် ကြိုးပမ်းခြင်း၊ လူတိုင်းအတွက် သင့်လျော်သော အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သောပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးခြင်းတို့သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး၏ အခြေခံများဖြစ်သည်။

**မြို့ပြတစ်မြို့၏ အောင်မြင်မှုသည် အဆောက်အအုံများ မည်မျှမြင့်မားလာသည်၊ လမ်းများ မည်မျှကျယ်ပြန့်လာသည်ဆိုသည့် အချက်များတွင်သာ မတည်ရှိပါ။ ထိုမြို့တွင် နေထိုင်သူများ မည်မျှလုံခြုံ အဆင်ပြေစွာ နေထိုင်နိုင်သည်၊ အခွင့်အလမ်းများကို မည်မျှ မျှတစွာ ရရှိနိုင်သည်နှင့် အနာဂတ်မျိုးဆက်များအတွက် မည်မျှကောင်းမွန်သော ပတ်ဝန်းကျင်ကို ချန်ထားနိုင်သည်ဆိုသည့်အချက်များက ပိုမိုအရေးကြီးသည်။** မြို့ပြဖြစ်ထွန်းမှု၏ အခွင့်အလမ်းများကို အကျိုးရှိစွာ အသုံးချပြီး စိန်ခေါ်မှုများကို ကြိုတင်ဖြေရှင်းနိုင်မှသာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုဘဝအရည်အသွေးတို့ ဟန်ချက်ညီသော၊ အားလုံးပါဝင်နိုင်သော၊ ရေရှည်တည်တံ့သည့် မြို့ပြအနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ။

# ယာဉ်မောင်း၏ တန်ဖိုးနှင့် ခရီးသည်တို့၏ အသက်အန္တရာယ်ကင်းရှင်းရေး

ဒေါက်ဇော်(သလ္လာမြေ)

### လမ်းစည်းကမ်းကို လေးစားလိုက်နာခြင်း၊ ခရီးသည်ကို တန်ဖိုးထားခြင်းနှင့် အပြန်အလှန်နားလည်မှုတို့ဖြင့် ဘေးကင်းသော ခရီးစဉ်များကို ဖော်ဆောင်ခြင်း

လူတစ်ဦး၏ နေ့စဉ်ဘဝတွင် ခရီးသွားလာခြင်းသည် မရှိမဖြစ်လိုအပ်သော လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ကျောင်းသားများသည် ပညာသင်ယူရန်၊ ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်၊ အလုပ်သမားများသည် အသက်မွေးဝမ်းကျောင်းပြုရန်နှင့် သက်ကြီးရွယ်အိုများသည် ကျန်းမာရေး စောင့်ရှောက်မှု ရယူရန် ယာဉ်အမျိုးမျိုးကို အသုံးပြုကြရသည်။

ထို့ကြောင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းသည် လူတစ်ဦးချင်းစီ၏ နေ့စဉ်ဘဝသာမက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်ပါ နီးကပ်စွာ ဆက်စပ်နေသည်။ သို့သော် ယာဉ်အရေအတွက် များပြားလာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု၊ လမ်းအခြေအနေ မကောင်းမွန်မှု၊ ယာဉ်ကြံ့ခိုင်မှုအားနည်းခြင်းနှင့် ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးသည် အလေးထားဖြေရှင်းရမည့် အရေးကြီးကိစ္စတစ်ရပ် ဖြစ်လာသည်။

ဤအခြေအနေတွင် ယာဉ်မောင်းတစ်ဦး၏ တန်ဖိုးကို မောင်းနှင်နိုင်စွမ်းတစ်ခုတည်းဖြင့် တိုင်းတာ၍မရပေ။ ယာဉ်မောင်းကောင်းတစ်ဦးသည် မိမိ၏ကျွမ်းကျင်မှု၊ စည်းကမ်းလိုက်နာမှု၊ တာဝန်သိစိတ်နှင့် ခရီးသည်အပေါ်ထားရှိသည့် လေးစားမှုတို့ဖြင့် ခရီးစဉ်တစ်ခုလုံး၏ လုံခြုံမှုကို အထောက်အကူပြုသူဖြစ်သည်။ ယာဉ်ပေါ်တွင် လိုက်ပါလာသူတိုင်းသည် မိမိတို့၏ မိသားစု၊ မျှော်လင့်ချက်နှင့် အနာဂတ်တို့ကို ပိုင်ဆိုင်ထားကြသည်။ ထိုသူတို့၏ အသက်နှင့်ဘေးကင်းရေးကို တာဝန်ယူသယ်ဆောင်ပေးရခြင်းသည် ယာဉ်မောင်း၏ အရေးပါသော တာဝန်ဖြစ်သည်။ ထို့ကြောင့် ယာဉ်မောင်းကောင်းတစ်ဦး၏ အမှန်တကယ်ဂုဏ်သိက္ခာသည် ခရီးသည်များကို အချိန်မီပို့ဆောင်နိုင်ခြင်း၌သာမက ၎င်းတို့အား ဘေးကင်းစွာ၊ စိတ်ချမ်းသာစွာဖြင့် လိုရာခရီးသို့ ရောက်ရှိစေခြင်း၌ တည်ရှိသည်။

### ယာဉ်မောင်း၏ တာဝန်သိစိတ်သည် ခရီးသည်တို့၏ အသက်အတွက် အရေးကြီးသည်

ယာဉ်မောင်းတစ်ဦးသည် ယာဉ်ကို စတင်မောင်းနှင်ချိန်မှ ခရီးဆုံးအထိ မိမိ၏တာဝန်ကို အပြည့်အဝနားလည်ထားရန်လိုအပ်သည်။ သတ်မှတ်အမြန်နှုန်းအတွင်း မောင်းနှင်ခြင်း၊ ယာဉ်ကြောအခြေအနေကို သတိပြုခြင်း၊ လမ်းဆုံလမ်းခွများတွင် ဂရုစိုက်ခြင်း၊ လမ်းကူးသူများကို ဦးစားပေးခြင်းနှင့် အခြားယာဉ်များနှင့် သင့်လျော်သော အကွာအဝေးထားရှိခြင်းတို့က မဖြစ်မနေ လိုက်နာရမည့် အခြေခံအလေ့အကျင့်များ ဖြစ်သည်။ ထို့ပြင် အရက်သေစာသောက်စားထားချိန်၊ အလွန်ပင်ပန်းနွမ်းနယ်နေချိန် သို့မဟုတ် အာရုံစူးစိုက်နိုင်စွမ်း လျော့နည်းနေချိန်တွင် ယာဉ်မောင်းနှင်ခြင်းကို ရှောင်ကြဉ်ရမည်။ မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးပြုခြင်းသည်လည်း အန္တရာယ်ကို တိုးစေနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များတွင် အမြန်နှုန်းမြင့်တက်ခြင်းသည် ယာဉ်တိုက်မှုဖြစ်နိုင်ခြေနှင့် ထိခိုက်ဒဏ်ရာပြင်းထန်နိုင်ခြေတို့ကို တိုးစေကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် မိမိ၏ မောင်းနှင်နိုင်စွမ်းကို ယုံကြည်ခြင်းထက် လမ်းအခြေအနေ၊ ရာသီဥတုနှင့် ခရီးသည်များ၏ လုံခြုံရေးကို ဦးစားပေးရပါမည်။ မိုးရွာသွန်းချိန်၊ မြူထူထပ်ချိန်နှင့် ညအချိန်များတွင် ပိုမိုသတိထားမောင်းနှင်ခြင်းသည် ယာဉ်မောင်းကောင်းတစ်ဦး၏ အရည်အသွေးကို ဖော်ပြသည့် အချက်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်အလက်များအရ လမ်းစည်းကမ်းလိုက်နာမှုနှင့် အန္တရာယ်ကို ကြိုတင်ကာကွယ်သည့် အလေ့အကျင့်များသည် အသက်အန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရမှုများကို လျှော့ချရာတွင် အရေးပါသည်။

### ခရီးသည်အပေါ် လေးစားမှုသည် ယာဉ်မောင်းကောင်း၏ ဂုဏ်သိက္ခာဖြစ်သည်

ခရီးသည်များသည် အသက်အရွယ်၊ လူမှုအဆင့်အတန်း၊ အလုပ်အကိုင်နှင့် ကိုယ်ခန္ဓာ အခြေအနေတို့ မတူညီကြပေ။ ကျောင်းတက်ရန် သွားလာသော ကလေးငယ်များ၊ အလုပ်သို့ အချိန်မီရောက်ရန် ကြိုးစားနေသော ဝန်ထမ်းများ၊ လုပ်ငန်းတာဝန်ဖြင့် ခရီးသွားလာသော အရာရှိများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများသည် ယာဉ်ပေါ်တွင် လုံခြုံမှုနှင့် သင့်လျော်သော ဆက်ဆံမှုကို တူညီစွာ ရရှိသင့်သည်။ ခရီးသည်တစ်ဦး၏ အဝတ်အစား၊ ရာထူး၊ အသက်အရွယ်နှင့် စီးနင်းခ ပေးနိုင်မှုတို့အပေါ် မူတည်၍ ဆက်ဆံရေးကို ခွဲခြားခြင်းသည် ယာဉ်မောင်းကောင်းတစ်ဦး၏ အပြုအမူနှင့် မကိုက်ညီပေ။

> ❝ ခရီးစဉ်တစ်ခု၏ အောင်မြင်မှုသည် သတ်မှတ်ထားသောအချိန်အတွင်း ရောက်ရှိခြင်း တစ်ခုတည်း မဟုတ်ပါ။ ခရီးသည်အားလုံးကို ဘေးကင်းစွာ ပြန်လည်ပို့ဆောင်နိုင်ခြင်းကသာ အမှန်တကယ်အောင်မြင်မှုဖြစ်သည်။ ထို့ကြောင့် ယာဉ်မောင်းတိုင်းသည် “မိမိမောင်းနှင်သောယာဉ်ပေါ်တွင် လူတို့၏ အသက်နှင့် မျှော်လင့်ချက်များ လိုက်ပါနေသည်” ဟူသော အသိကို နှလုံးသွင်းထားကြရန် လိုအပ်သည်။ ယာဉ်မောင်း၊ ခရီးသည်၊ ယာဉ်ပိုင်ရှင်နှင့် ပြည်သူအားလုံးတို့က အပြန်အလှန်လေးစားမှု၊ စာနာမှုနှင့် တာဝန်ယူမှုတို့ကို လက်ကိုင်ထားကာ ဘေးကင်းသောခရီးစဉ်များကို အတူတကွဖော်ဆောင် ❞

ဥပမာအားဖြင့် သက်ကြီးရွယ်အိုတစ်ဦး ယာဉ်ပေါ်တက်ရာတွင် အချိန်အနည်းငယ်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအတွက် လုံခြုံစွာ ထိုင်နိုင်ရန် ကူညီပေးခြင်း၊ ကလေးငယ်များကို သင့်လျော်သော နေရာတွင် ထိုင်စေခြင်းနှင့် မသန်စွမ်းခရီးသည်တစ်ဦး၏ လိုအပ်ချက်ကို စိတ်ရှည်စွာ နားထောင်ပေးခြင်းတို့သည် အပြုအမူသေးငယ်သော်လည်း တန်ဖိုးကြီးမားသော လေးစားမှုများ ဖြစ်သည်။ ထိုနည်းတူ အချိန်ကန့်သတ်ချက်ကြောင့် အလျင်လိုနေသော ခရီးသည်တစ်ဦးကိုလည်း မိမိ၏ယာဉ်မောင်းစည်းကမ်းကို မပျက်စီးစေဘဲ နားလည်မှုဖြင့် ရှင်းပြနိုင်ရမည်။

ခရီးသည်ကို လေးစားခြင်းဆိုသည်မှာ ခရီးသည်၏ ဆန္ဒတိုင်းကို အန္တရာယ်ရှိသည့်တိုင် လိုက်လျောခြင်းမဟုတ်ပေ။ ယာဉ်ကို အရှိန်မြင့်မောင်းရန်၊ ခွင့်ပြုထားသည်ထက် ပိုမိုတင်ဆောင်ရန် သို့မဟုတ် မလုံခြုံသောနေရာတွင် ဆင်းသက်ရန် တောင်းဆိုလာပါက ယဉ်ကျေးစွာ ရှင်းပြပြီး ဘေးကင်းသော နည်းလမ်းကို ရွေးချယ်ပေးရမည်။ အမှန်တကယ် လေးစားမှုဆိုသည်မှာ ခရီးသည်၏ စိတ်ကျေနပ်မှုကိုသာမက ၎င်း၏အသက်နှင့် ကျန်းမာရေးကိုပါ တန်ဖိုးထားခြင်းဖြစ်သည်။

### အစိုးရရုံးဌာနများ၏ ကြိုပို့ယာဉ်များတွင် ပိုမိုအလေးထားရမည့် တာဝန်နှင့် စည်းကမ်း

အစိုးရရုံးဌာနများ၏ ကြိုပို့ယာဉ်များသည် ဝန်ထမ်းများကို အလုပ်ခွင်သို့ အချိန်မီပို့ဆောင်ပေးရုံသာမက အများပြည်သူပိုင်အရင်းအမြစ်များကို တာဝန်ယူအသုံးပြုသည့် လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် ယာဉ်မောင်းများ၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ ယာဉ်စည်းကမ်းလိုက်နာမှုနှင့် ခရီးသည်များအပေါ်ထားရှိသည့် သဘောထားတို့သည် အထူးအရေးကြီးသည်။ အချို့သော ကြိုပို့ယာဉ်များတွင် ယာဉ်စည်းကမ်းကို အလေးမထားခြင်း၊ မောင်းနှင်မှုအတွေ့အကြုံ မလုံလောက်ခြင်း၊ လက်တွေ့ကျွမ်းကျင်မှု အားနည်းခြင်း သို့မဟုတ် ခရီးသည်များ၏ လုံခြုံရေးထက် အချိန်မီရောက်ရှိရေးကိုသာ ဦးစားပေးခြင်းစသည့် ပြဿနာများ ဖြစ်ပေါ်နိုင်သည်။ ယင်းအခြေအနေများကို လူတစ်ဦးချင်းအပေါ် အပြစ်တင်ရုံဖြင့် ဖြေရှင်း၍မရဘဲ စနစ်တကျစစ်ဆေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် တာဝန်ယူမှုရှိသော ကြီးကြပ်မှုတို့ဖြင့် ပြုပြင်တိုးတက်စေရန် လိုအပ်သည်။

ကြိုပို့ယာဉ်မောင်းများကို တာဝန်ပေးအပ်ရာတွင် သက်ဆိုင်ရာ ယာဉ်အမျိုးအစားအတွက် သင့်လျော်သော ယာဉ်မောင်းလိုင်စင်ရှိခြင်း၊ လမ်းစည်းကမ်းနှင့် ယာဉ်စည်းကမ်းများကို နားလည်လိုက်နာခြင်း၊ လက်တွေ့မောင်းနှင်နိုင်စွမ်းကို စစ်ဆေးအတည်ပြုခြင်းနှင့် အရေးပေါ်အခြေအနေများကို ကိုင်တွယ်နိုင်ခြင်းတို့ကို အလေးထားသင့်သည်။ ယာဉ်မောင်းအသစ်များအတွက် အတွေ့အကြုံရှိသူများ၏ ကြီးကြပ်မှုဖြင့် လက်တွေ့လေ့ကျင့်ခွင့်ပေးခြင်း၊ အခါအားလျော်စွာ ပြန်လည်လေ့ကျင့်သင်ကြားခြင်းနှင့် မောင်းနှင်မှုမှတ်တမ်းများကို စနစ်တကျထိန်းသိမ်းခြင်းတို့သည် အကျိုးရှိသည်။ ထို့ပြင် ယာဉ်မောင်းများသည် သတ်မှတ်ထားသော အလုပ်ချိန်၊ ယာဉ်ပြုပြင်ထိန်းသိမ်းမှုနှင့် ခရီးသည်တင်ဆောင်မှုဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရမည်။

ရုံးဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများကလည်း ယာဉ်မောင်းများကို အချိန်မီရောက်ရှိရေးတစ်ခုတည်းဖြင့် မတိုင်းတာဘဲ ဘေးကင်းစွာ မောင်းနှင်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ခရီးသည်များအပေါ် ဆက်ဆံရေးတို့ကိုပါ ထည့်သွင်းသုံးသပ်ရမည်။ ယာဉ်မောင်းတစ်ဦးကို အချိန်ဖိအား လွန်ကဲစွာ ပေးခြင်းသည် အလျင်လိုမောင်းနှင်မှုကို အားပေးသကဲ့သို့ ဖြစ်နိုင်သည်။ ထို့ကြောင့် အချိန်ဇယားကို လက်တွေ့ကျစွာ သတ်မှတ်ခြင်း၊ ယာဉ်ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးခြင်းနှင့် စည်းကမ်းချိုးဖောက်မှုများကို မျက်နှာလိုက်မှုမရှိဘဲ ကိုင်တွယ်ခြင်းတို့ လိုအပ်သည်။ အများပြည်သူ၏ ယုံကြည်မှုကို ရရှိရန် အစိုးရရုံးဌာနများ၏ ကြိုပို့ယာဉ်လုပ်ငန်းသည် စံနမူနာပြကောင်းတစ်ခု ဖြစ်ရပါမည်။

### ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ခရီးသည်တို့၏ ပူးပေါင်းတာဝန်

ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ယာဉ်မောင်းတစ်ဦးတည်း၏ တာဝန်အဖြစ် သတ်မှတ်၍ မရပေ။ ယာဉ်ပိုင်ရှင်သည် မိမိ၏ယာဉ်ကို လုံခြုံစွာအသုံးပြုနိုင်သည့် အခြေအနေတွင် ရှိစေရန် တာဝန်ယူရမည်။ ဘရိတ်၊ တာယာ၊ မီးအလင်းရောင်၊ စတီယာရင်နှင့် အခြားအရေးကြီး အစိတ်အပိုင်းများကို ပုံမှန်စစ်ဆေးပြုပြင်ခြင်း၊ သတ်မှတ်ထားသည့် ခရီးသည်အရေအတွက်ထက် ပိုမို မတင်ဆောင်ခြင်းနှင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို အချိန်မီပြုလုပ်ခြင်းတို့သည် ယာဉ်ပိုင်ရှင်၏ အခြေခံတာဝန်များဖြစ်သည်။ အမြတ်အစွန်း သို့မဟုတ် အချိန်ကုန်သက်သာမှုကိုသာ ဦးစားပေးပြီး ယာဉ်၏လုံခြုံရေးကို လျစ်လျူရှုပါက နောက်ဆက်တွဲအန္တရာယ်များသည် ခရီးသည်များသာမက ယာဉ်ပိုင်ရှင်ကိုပါ ထိခိုက်စေနိုင်သည်။

တစ်ဖက်တွင် ခရီးသည်များလည်း မိမိတို့၏ တာဝန်ကို သိရှိလိုက်နာသင့်သည်။ ကားပေါ်တက်ဆင်းရာတွင် သတိထားခြင်း၊ သတ်မှတ်ထားသောနေရာတွင်သာ ဆင်းသက်ခြင်း၊ လုံခြုံရေးခါးပတ်ကို အသုံးပြုခြင်း၊ ဆိုင်ကယ်စီးနင်းရာတွင် စံချိန်မီဦးထုပ်ကို မှန်ကန်စွာ ဆောင်းခြင်းနှင့် ယာဉ်မောင်းကို အာရုံပျံ့လွင့်စေသည့် အပြုအမူများကို ရှောင်ကြဉ်ခြင်းတို့သည် မိမိကိုယ်တိုင်၏ လုံခြုံရေးအတွက် အရေးကြီးသည်။ ခရီးသည်တစ်ဦးက မလုံခြုံသော မောင်းနှင်မှုကို တွေ့ရှိပါက ယာဉ်မောင်းနှင့် အငြင်းပွားမှုဖြစ်စေရန် မလိုဘဲ ယဉ်ကျေးစွာ သတိပေးနိုင်သည်။ လိုအပ်ပါက တာဝန်ရှိသူများထံ အသိပေးတင်ပြနိုင်သည်။

ထို့ပြင် လမ်းအသုံးပြုသူအားလုံးသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားရန် လိုအပ်သည်။ ယာဉ်မောင်းသည် လမ်းသွားလမ်းလာများကို သတိထားရသကဲ့သို့ လမ်းသွားလမ်းလာများသည်လည်း လမ်းဖြတ်ကူးရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးကို အလေးထားရမည်။ ယာဉ်ကြောအတွင်း အချင်းချင်းအလျင်လိုခြင်း၊ အငြင်းပွားခြင်းနှင့် စိတ်မရှည်ခြင်းတို့ထက် သည်းခံမှုနှင့် နားလည်မှုတို့ကို အခြေခံသည့် အပြုအမူများက လမ်းပေါ်ရှိ အန္တရာယ်များကို လျှော့ချနိုင်သည်။

### အသိပညာ၊ လေ့ကျင့်မှုနှင့် စာနာနားလည်မှုတို့ဖြင့် ယာဉ်မောင်းကောင်းများ မွေးထုတ်ခြင်း

ယာဉ်မောင်းကောင်းတစ်ဦး ဖြစ်လာရန် ယာဉ်မောင်းလိုင်စင်ရရှိခြင်းနှင့် မောင်းနှင်နိုင်ခြင်းတို့သာ မလုံလောက်ပေ။ လက်တွေ့အတွေ့အကြုံ၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာ၊ အန္တရာယ်ကို ကြိုတင်ခန့်မှန်းနိုင်စွမ်းနှင့် လူမှုဆက်ဆံရေးကောင်းမွန်မှုတို့ကိုလည်း အဆက်မပြတ် မြှင့်တင်နေရမည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဖော်ပြထားသည့် ယာဉ်မောင်းလမ်းညွှန်ချက်များတွင် ယာဉ်မမောင်းနှင်မီ ယာဉ်၏အင်ဂျင်၊ ဘရိတ်၊ မီးနှင့် တာယာတို့ကို စစ်ဆေးရန်၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာရန်နှင့် ပြည်သူများနှင့် ကောင်းမွန်စွာ ဆက်ဆံရန် အလေးထား ဖော်ပြထားသည်။ ယင်းအချက်များသည် ယာဉ်မောင်း၏ ကျွမ်းကျင်မှုနှင့် တာဝန်သိစိတ်တို့ကို တစ်ပြိုင်နက်တည်း တည်ဆောက်ပေးနိုင်သည်။

ထို့ကြောင့် ယာဉ်မောင်းသင်တန်းများတွင် ယာဉ်မောင်းနည်းပညာအပြင် အရေးပေါ်အခြေအနေများကို တုံ့ပြန်ကိုင်တွယ်နည်း၊ ရှေးဦးသူနာပြုစုနည်း၊ ခရီးသည်များ၏ လိုအပ်ချက်ကို နားလည်တုံ့ပြန်နည်းနှင့် စိတ်ဖိစီးမှုကို ထိန်းချုပ်နည်းတို့ကိုလည်း ထည့်သွင်းသင်ကြားသင့်ပါသည်။ အတွေ့အကြုံရှိသော ယာဉ်မောင်းများကလည်း လူငယ်ယာဉ်မောင်းများကို လမ်းပေါ်ရှိ လက်တွေ့အခြေအနေများအကြောင်း မျှဝေသင်ကြားပေးနိုင်သည်။ ယာဉ်မောင်းတစ်ဦး၏ အမှားကို ထောက်ပြရာတွင်လည်း အရှက်ရစေသည့်ပုံစံထက် ပြုပြင်တိုးတက်လာစေရန် အားပေးသည့်ပုံစံကို အသုံးပြုရပါမည်။

စာမျက်နှာ ၁၃ သို့



# လှိုင်ကော်မြို့တွင် ပြည်နယ်လုံးဆိုင်ရာ သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၂၇**

ကယားပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ပြည်နယ်လုံးဆိုင်ရာသီတင်းကျွတ်မီးထွန်းပွဲတော်ကို ယမန်နေ့ ညနေပိုင်းက လှိုင်ကော်မြို့ကျက်သရေဆောင်မြို့နာမ် ရွှေစေတီတော်ကြီးနှင့် ကန္တာဟောဝန်ပန်းခြံကျောက်သားရင်ပြင်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မီးထွန်းပွဲတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်နှင့်ဇနီး၊ ဧည့်ပရိသတ်များက စေတီတော်ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များထံ ဆီမီးများကပ်လှူပူဇော်ကာ ဧည့်ပရိသတ်များက သတ်မှတ်နေရာအသီးသီး၌ ဆီမီးများ တစ်ပြိုင်တည်း ကပ်လှူပူဇော်ကြသည်။

ထို့ပြင် ကုသိုလ်ပြုစေတနာဒိသာကျွေးမွေးနေမှုကိုလှည့်လည်ကြည့်ရှု သဒ္ဓါပွားများ၍ ပြည်သူများနှင့်အတူ မီးပုံးပျံများလွှတ်တင်ပူဇော်ပြီး**(အပေါ်ပုံ)**အတီးအမှုတ်အဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ သီတင်းကျွတ်လပြည့်နေ့ စိန်နားပန်မီးပုံးပျံပြိုင်ပွဲကို ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တစ်ခဲနက်တက်ရောက်ကြည့်ရှုအားပေးကြပြီး စိန်နားပန် မီးပုံးပျံပြိုင်ပွဲတွင် ပထမဆုရ သစ္စာမီး၊ ဒုတိယဆုရ တိမ်လိပ်မီးနှင့် တတိယဆုရ ခနုမီး၊ အထူးဆုရရှိသူများ၊ ရွှေဇီးကွက် ညမီးကြီးနှင့် ကယားလေး ညမီးကြီးအဖွဲ့တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်သည့် ဥစားကြက်မွေးမြူရေးခြံများ တည်ဆောက်ပြီးစီးမှုနှင့် ဥစားကြက်မွေးမြူရေးပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စနစ်တကျ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ အဆင့်မြင့်သီရိမင်္ဂလာဈေး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပေ(၂၂၅ x ၃၀) Steel Structure နှစ်ထပ် ဈေးရုံများ အသစ်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး အရည်အသွေး စစ်ဆေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် ပြည်သူလူထုများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်ရေး လိုအပ်သည့်လုပ်ငန်းများ ပြည့်စုံအောင် ထည့်သွင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအားမှာကြားပြီး ဈေးရုံများအတွင်း ရောင်းဝယ်ဖောက်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဈေးသူဈေးသားများနှင့် ဈေးဝယ်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်းသိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

မြဝတီအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၂ မိနစ်တွင် မြနှင်းဝေက သွင်းယူခဲ့ပြီး ရတနာပုံအသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများကို ပွဲချိန် ၃၆ မိနစ်တွင် ဝင်းသိင်္ဂီထွန်းနှင့် ပွဲချိန် ၄၁ မိနစ်၊ ၄၇ မိနစ်တို့တွင် မော်ရင်းအာချီယန်တို့က သွင်းယူပေးခဲ့ကြသည်။ အဆိုပါပွဲစဉ်၏ AYA Pay Player of the Match ဆုကို ရတနာပုံအသင်း ကွင်းလယ်လူ မော်ရင်းအာချီယန်က ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ အပတ်စဉ်(၁၁)၏ နောက်ဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ပဒုမ္မာကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **နေမျိုး၊ ခတ်ပုံ-MWL**

**“သစ်ပင် စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏”**

## တံတားဦးမြို့နယ် လောကသရဖူ ဘုရားကြီးတွင် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်

**တံတားဦး အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မီးသွေးတိုက်ကျေးရွာအုပ်စု ဆင်ကျုံးကျေးရွာရှိ လောကသရဖူဘုရားကြီးတွင် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက် ညနေက စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါဆီမီးထွန်းညှိပူဇော်ပွဲကို တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ပူဇော်ကြခြင်းဖြစ်ပြီး မီးပုံးပျံများ လွှတ်တင်ဆောင်ရွက်မှုကိုလည်း တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ မြို့နယ်အတွင်း အခြားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ နေအိမ်များ၊ အထင်ကရနေရာများ၊ လမ်းဆုံ လမ်းခွများတွင်လည်း ရောင်စုံအလှမီးများနှင့် ဆီမီးများ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

ရဲတင့်
(ပြန်/ဆက်)



## ဇေယျာသီရိမြို့နယ် နေမျိုးနွယ်စာသင်တိုက်၌ မီးမြင်းမိုရ်ဝက်ပါ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော် ဇေယျာသီရိမြို့နယ် ဝင်ပြန်ကျေးရွာ နေမျိုးနွယ်ပရိယတ္တိစာသင်တိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မီးမြင်းမိုရ်ဝက်ပါ ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်) အထိ စည်ကားသိုက်မြိုက်စွာကျင်းပရာ ကျေးရွာသူကျေးရွာသား ဧည့်ပရိသတ်များက ဝက်ပါလှည့်လည်၍ ဘုရားကိုပူဇော်ကြပြီး **(ဝဲပုံ)** ပဓာနနာယက ဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသ ဟောကြားတော်မူသည့် သာခု အနုမောဒနာ တရားတော်ကို နာယူခဲ့ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သွန်းဝသန်**



## ကာတွန်း



*စာမျက်နှာ ၁၂ မှ*

ယာဉ်မောင်း၏ စိတ်အေးချမ်းမှုနှင့် ကျန်းမာရေးသည်လည်း ဘေးကင်းသောမောင်းနှင်မှုအတွက် အရေးကြီးသည်။ အနားယူချိန်လုံလောက်ခြင်း၊ သင့်လျော်သောအလုပ်ချိန်ရှိခြင်းနှင့် မိမိ၏ ပင်ပန်းနွမ်းနယ်မှုကို သတိပြုနိုင်ခြင်းတို့က အာရုံစူးစိုက်မှုကို ကောင်းမွန်စေသည်။ ယာဉ်ပိုင်ရှင်များနှင့် အလုပ်ရှင်များက ယင်းအခြေအနေများကို ပံ့ပိုးပေးရမည်။ အလားတူ ခရီးသည်များကလည်း ယာဉ်မောင်း၏ တာဝန်ကို နားလည်ပေးပြီး စည်းကမ်းနှင့်ညီညွတ်သော ပူးပေါင်းဆောင်ရွက်မှုကို ပြသရပါမည်။ အားလုံးက တစ်ဦးနှင့်တစ်ဦး လေးစားနားလည်ကြသောအခါ ယာဉ်မောင်းအလုပ်သည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုထက် ပိုမိုမြင့်မားသည့် လူမှုအကျိုးပြုလုပ်ငန်းတစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

**အပြန်အလှန်နားလည်မှုမှသည် ဘေးကင်းသော ခရီးစဉ်များဆီသို့**

ယာဉ်အန္တရာယ်ကင်းရှင်းရေးသည် လူတစ်ဦးတစ်ယောက်၏ ကြိုးစားမှုဖြင့်သာ ပြည့်စုံလာနိုင်သည့် ကိစ္စမဟုတ်ပေ။ ယာဉ်မောင်းက စည်းကမ်းလိုက်နာရမည်၊ ယာဉ်ပိုင်ရှင်က လုံခြုံသော ယာဉ်ကို ပံ့ပိုးပေးရမည်၊ အလုပ်ရှင်က ကျွမ်းကျင်မှုနှင့် တာဝန်ယူမှုကို အားပေးရမည်၊ ခရီးသည်ကလည်း စည်းကမ်းရှိစွာ ပူးပေါင်းရမည်။ လမ်းအသုံးပြုသူအားလုံးသည် မိမိ၏အခွင့်အရေးကို သိရှိသကဲ့သို့ အခြားသူ၏အသက်နှင့် လုံခြုံရေးကိုလည်း တန်ဖိုးထားရမည်။

ယာဉ်မောင်းကောင်းတစ်ဦးသည် ခရီးသည်ကို မိမိ၏တာဝန်အပ်နှင်းခံထားရသူအဖြစ်သာ မမြင်ဘဲ မိသားစုတစ်စု၏ အဖိုးတန်အဖွဲ့ဝင်တစ်ဦးအဖြစ် နားလည်တန်ဖိုးထားသူ ဖြစ်သည်။ ခရီးသည်ကလည်း ယာဉ်မောင်း၏ ကြိုးစားအားထုတ်မှုနှင့် တာဝန်ကို နားလည်လေးစားရမည်။

ဤသို့ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတို့ တည်ဆောက်နိုင်ပါက ယာဉ်ပေါ်တွင် စိတ်ချမ်းသာမှု ပိုမိုရရှိလာမည်ဖြစ်သကဲ့သို့ လမ်းပေါ်တွင်လည်း အန္တရာယ်ကင်းရှင်းရေး ယဉ်ကျေးမှုတစ်ရပ် ပိုမိုခိုင်မာလာမည်ဖြစ်သည်။

ခရီးစဉ်တစ်ခု၏ အောင်မြင်မှုသည် သတ်မှတ်ထားသောအချိန်အတွင်း ရောက်ရှိခြင်း တစ်ခုတည်းမဟုတ်ပါ။ ခရီးသည်အားလုံးကို ဘေးကင်းစွာ ပြန်လည်ပို့ဆောင်နိုင်ခြင်းကသာ အမှန်တကယ် အောင်မြင်မှုဖြစ်သည်။ ထို့ကြောင့် ယာဉ်မောင်းတိုင်းသည် “မိမိမောင်းနှင်သောယာဉ်ပေါ်တွင် လူတို့၏ အသက်နှင့် မျှော်လင့်ချက်များ လိုက်ပါနေသည်” ဟူသော အသိကို နှလုံးသွင်းထားကြရန် လိုအပ်သည်။ ယာဉ်မောင်း၊ ခရီးသည်၊ ယာဉ်ပိုင်ရှင်နှင့် ပြည်သူအားလုံးတို့က အပြန်အလှန်လေးစားမှု၊ စာနာမှုနှင့် တာဝန်ယူမှုတို့ကို လက်ကိုင်ထားကာ ဘေးကင်းသော ခရီးစဉ်များကိုအတူတကွဖော်ဆောင်ကြပါစို့။ လူတိုင်း ဘေးကင်းစွာ သွားလာနိုင်သော လမ်းများနှင့် ခရီးသည်တိုင်း စိတ်ချယုံကြည်စွာ လိုက်ပါနိုင်သော သယ်ယူပို့ဆောင်ရေးစနစ်သည် ကျွန်ုပ်တို့အားလုံး၏ တူညီသော ဆန္ဒနှင့် တာဝန်ဖြစ်ပါသည်။ ။

# ၂၀၂၆ ခုနှစ်(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့ မြင်ကွင်းပုံရိပ်များ



အကပြိုင်ပွဲ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပျိုတို့ရဂုံဇွဲ ကျေးလက်မြေ ယိမ်းအကအဖွဲ့ ကပြယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပေါက်ကျော်မ တီးခတ်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ– ဟိန်းထက်ဇော်၊ နိုင်လင်းကြည်



ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဦးစက်ကလေး တီးခတ်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ– ဟိန်းထက်ဇော်၊ နိုင်လင်းကြည်



ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဇော်မျိုးဝင်း ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ– ဟိန်းထက်ဇော်၊ နိုင်လင်းကြည်



ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးချစ်လင်းမောင် ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ– ဟိန်းထက်ဇော်၊ နိုင်လင်းကြည်




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ– ဟိန်းထက်ဇော်၊ နိုင်လင်းကြည်



ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ– ဟိန်းထက်ဇော်၊ နိုင်လင်းကြည်

# ၂၀၂၆ ခုနှစ်(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့ မြင်ကွင်းပုံရိပ်များ



သဘင့်မာန်ဟုန် ရွှေရန်ကုန် ဇာတ်တော်ကြီးအဖွဲ့က ဝိဓူရဇာတ်တော်ကြီးကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ကပြဖျော်ဖြေတင်ဆက်စဉ်။




အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ကိုကိုလင်း ယှဉ်ပြိုင်စဉ်။



စောင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ကြည်သာဗိုလ် (ခ) ကြည်သာစိုး ယှဉ်ပြိုင်စဉ်။




အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်ကျော်ဇင်သန့် ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ကြည်ခိုင် တီးခတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်(ခ)မင်းခေတ် တီးခတ်ယှဉ်ပြိုင်စဉ်။

# အနောက်ရိုးမတောင်ခြေနားက တူ၊ တူမများသို့ မှာတမ်းစာ ...

မြင့်စိုး(နတလ)



အ.မ.က မိုးကုတ်ကျောင်းဖွင့်လှစ်ရန် ကျောင်းအပ်လက်ခံနေစဉ်။

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အနီးက အနောက်ရိုးမတောင်ခြေနားကို အကြောင်းအမျိုးမျိုး၊ ယုံကြည်ချက် ခံယူချက်အမျိုးမျိုးနဲ့ ရောက်ရှိနေကြတဲ့ တူ၊ တူမများ တို့ရေ...။ မင်းတို့ရဲ့ ဘကြီးဦးမြင့်စိုး စိတ်မကောင်းခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။ တူ၊ တူမ များလို့ ခေါ်လိုက်တာ မင်းတို့ရဲ့ ဘကြီးလို့ သုံးနှုန်းလိုက်တာကို သေချာတွေးတော ဆင်ခြင်ကြည့်မယ်ဆိုရင် မင်းတို့အထဲမှာ ဘကြီးနဲ့ဆွေမကင်း မျိုးမကင်းတွေ တော်တော်များများ ရှိနေတယ်ဆိုတဲ့ သဘောပေါ့ကွာ။ ရှိပေမပေါ့။

ဘကြီးရဲ့ဇာတိက လေးမျက်နှာမြို့ရဲ့ အနောက်ဘက် ခုနစ်မိုင်အကွာလောက်မှာရှိတဲ့ စိန်တောင်ရွာလေ။ သည်တော့ကာ ရွာနီးချုပ်စပ်က လှော်ကထား၊ မိုးကုတ်၊ အောက်စု၊ လယ်ဦးစု၊ စမ်းကြီးရွာတွေမှာ မျက်စိမှိတ်ပြီး လက်ညှိုးထိုးလိုက်ရင်တောင် မလွဲဘူး သေချာတယ် အမျိုးပဲ။ ကျန်တဲ့ အနောက်ဘက်ကျေးရွာအုပ်စုတွေထဲက စောပြာ၊ မှန်တန်း၊ အောင်ဇံကွင်း၊ မှန်စီ၊ ကွင်းကြီးရွာတွေ၊ သည်ဘက်ကူးလိုက်ရင် ကညင်တိုင်း၊ ဝတ်ကုန်း၊ တုံးတော၊ ငါးဘတ်စိန် အစရှိတဲ့ ကျေးရွာတွေမှာလည်း အမျိုးတွေ အများကြီးပဲ။ ဒါ့ကြောင့် ဘကြီးက တူ၊ တူမများ လို့ သံယောဇဉ်ကြီးမားစွာနဲ့ ခေါ်ဝေါ်လိုက်တာကို နားလည်သဘောပေါက်ကြပြီ ထင်ပါတယ်။

တူ၊ တူမတို့ရေ.....မင်းတို့လည်း ကြားမှာပေါ့။ ဘကြီးတို့ရဲ့ လေးမျက်နှာမြို့နယ်မှာ ဖြစ်သွားတဲ့ ရေဘေးကိစ္စ၊ ဝေန်မြစ်ရေတက်လာတဲ့အခါ ရေကြီးရေလျှံမဖြစ်ရလေအောင် ပန်းတာတွေဖို့ပြီး ကာကွယ်ပေးထားတာ။ သို့သော်ငြားလည်း ကျွန်းတဲရွာနဲ့ ဂျမ်းကုန်းရွာထိပ်က ပန်းတာဟာ အရင်မြစ်ကျိုးအင်းသဲကြောပေါ်မှာ တည်ရှိနေခဲ့တာလေ။ ထူးပေါက်က စိမ့်ထွက်လာတဲ့ရေဟာ သဲကြောအတွင်း လှိုက်စားပြီး ရေထွက်အားများလာတာကြောင့် ပန်းတာကျိုးသွားခဲ့တယ်။ တာကျိုးသွားပေမယ့် မြို့ပေါ်ရပ်ကွက် ငါးခုနဲ့ ပတ်ဝန်းကျင်ကျေးရွာတွေက ပြည်သူတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအမံနဲ့အချိန်မီ ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးခဲ့တဲ့အတွက် လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိခဲ့ဘူး။ (နောင်မှမတော်တဆဖြစ်စဉ်တွေနဲ့ လေးဦး ကွယ်လွန်ခဲ့တာဖြစ်တယ်)။

ရေဘေးကိစ္စ ဘကြီးဆက်ပြောမယ်၊ ပန်းတာပေါက်သွားတဲ့အတွက် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၁၉ စုမှာ လူနေအိမ်တွေ၊ လယ်စိုက်ခင်းတွေ၊ ပီလောပီနံစိုက်ခင်းတွေ ရေမြုပ်ကုန်တယ်၊ ပတ်ဝန်းကျင်က ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နဲ့ ကျောင်းကုန်းမြို့နယ်တွေအထိ ရေရောက်တယ်။ အဓိက ကတော့ ရေပေါက်ကို မြန်မြန်ပိတ်နိုင်ဖို့ပဲ။

နိုင်ငံတော်သမ္မတကိုယ်တိုင် လာရောက်ကြည့်ရှုလမ်းညွှန်တယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန သုံးခုကတာဝန်ရှိသူတွေရယ်၊ တပ်မတော်သားတွေ၊ မီးသတ်တပ်ဖွဲ့၊ ဒေသခံပြည်သူ လုပ်အားပေးတွေရယ် စုပေါင်းပြီး Geo Bag Jumbo Bag သဲအိတ်တွေချတယ်၊ Steel sheet Pile တွေရိုက်တယ်၊ တာကျိုးပေါက်နေရာမှာ ရေတိုက်စားပြီး နက်သွားတော့ အဲဒီနေရာကို စွန့်ပစ်ရေယာဉ်ဟောင်းကြီးတွေ နှစ်မြှုပ်ပြီး ချတယ်။ စက်တင်ဘာလ ၈ ရက်နေ့မှာ အပြီးသတ်ပိတ်ဖို့ လုပ်ခဲ့ကြပေမယ့် မအောင်မြင်ခဲ့ဘူး၊ မြစ်ရေတက်ပြီး ရေတိုးအား ဖိအားနဲ့ Steel sheet Pile တွေ ကွေးပြီး ပွင့်ထွက်တယ်။ ထပ်ပြီး ကြိုးစားကြရင်း စက်တင်ဘာလ ၂၂ ရက်နေ့ အားလုံးပိတ်နိုင်ခဲ့တယ်။ ရေကျသွားတာနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆက်တိုက်လုပ်ရပြီလေ၊ အိမ်တွေရုံးတွေ၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းတွေ၊ ဆေးရုံ ဆေးပေးခန်းတွေ သန့်ရှင်းရေးလုပ်ပြီး ပြန်နေကြ၊ ပြန်ဖွင့်ကြ၊ သောက်ရေသန့်တွေရဖို့၊ လျှပ်စစ်မီးတွေ လင်းဖို့၊ စိုက်ပျိုးရေးလုပ်ငန်းတွေ ပြန်စဖို့၊ ပြောရရင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေက ပိုများတယ်။

တူ၊ တူမတို့ရေ...။ မင်းတို့ကို အဓိကပြောချင်တာက ရေဘေးကိစ္စ မဟုတ်ဘူးကွ။ ရေစကြီးပြီဆိုကတည်းက ဘကြီးတို့လည်း စက်လှေပေါ်က မဆင်းရဘူး။ ရပ်ကွက်တွေ ရွာတွေကို လှည့်သွားပြီး ထောက်ပံ့မှုတွေ၊ အားပေးမှုတွေ လုပ်ပေးနေကြရတာ။ သွားရင်းလာရင်းနဲ့လည်း မင်းတို့အနောက်ဘက်ခြမ်းဆီမှာ တိုက်ပွဲဖြစ်နေတဲ့အသံတွေ၊ လက်နက်ကြီးသံတွေ ကြားနေရတာ စိတ်မချမ်းသာဘူး။ ဘကြီးတို့ မြို့နယ်မှာ ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၄၃ အုပ်စုရှိတဲ့အနက် အနောက်ဘက်ခြမ်း ၁၉ အုပ်စုမှာက နယ်မြေမတည်ငြိမ်ဘူး၊ တိုက်ပွဲတွေဖြစ်နေတယ်၊ ဟော... အရှေ့ခြမ်းကို ကြည့်လိုက်တော့ ရပ်ကွက် ငါးခုနဲ့ ကျေးရွာအုပ်စု ၁၉ စုက ရေမြုပ်နေပြီး ငါးအုပ်စုလောက်ပဲ ရေဘေးလွတ်တော့တာလေ။

ရခိုင်ပြည်နယ်ဘက်က အကြမ်းဖက် သောင်းကျန်းသူ AA အဖွဲ့ရဲ့ အကူအညီနဲ့ ၂၀၁၅ ခုနှစ် မတ်လ ဒုတိယပတ်ကစပြီး တူ၊ တူမတို့ရဲ့ PDF အမည်ခံအဖွဲ့တွေဟာ လေးမျက်နှာအနောက်ခြမ်း ချင်းလယ်၊ လဲခုံကြီး၊ လဲခုံလေး၊ မှန်စီ၊ ကွင်းကြီးရွာတွေကို စတင်ဝင်ရောက်ခဲ့ကြတယ်။ အဲဒီအချိန်ကတည်းက အေးအေးချမ်းချမ်းနေချင်ကြတဲ့ ရွာသူရွာသားတွေဟာ လေးမျက်နှာမြို့နဲ့ အရှေ့ခြမ်းရွာတွေဆီ ရောက်ရှိ ခိုလှုံခဲ့ကြရတယ်။

တူ၊ တူမတို့ရေ...။ ကြုံလို့ ပြောပြရဦးမယ်၊ မင်းတို့ရဲ့ ဘကြီးက ဘဝမျိုးစုံ ကျင်လည်ခဲ့ပြီးပြီ။ အမက စိန်တောင်မှာ မူလတန်းတက်ခဲ့တယ်။ အဲဒီအချိန် KNU မြစ်ဝကျွန်းပေါ်တိုင်း ဆိုတာရှိနေပြီ။ အောင်ပွဲသံ စစ်ဆင်ရေးစီမံကိန်းဆိုတာကို ကြားနေရပြီ။ ၁၉၆၈ ခုနှစ်ဘကြီးတို့ဒုတိယတန်းကျောင်းသားဘဝမှာ ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဝကျွန်းပေါ်တိုင်း ပေါ်လာပြီ။ KNU နဲ့ တွဲပြီးတော့ မဒညတဆိုပြီး လှုပ်ရှားခဲ့ကြတယ်။ အခု တူ၊ တူမတို့ လှုပ်ရှားနေတဲ့ ချင်းလယ်၊ ချုံတောင်၊ လဲခုံကြီး၊ လဲခုံလေးဘက်မှာ မကြာခဏတိုက်ပွဲတွေ ဖြစ်ကြတယ်။

ဘကြီး အလယ်တန်းကျောင်းသားဘဝကိုတော့ ၁၉၇၁ ခုနှစ်ကနေ ၁၉၇၄ ခုနှစ်အထိ အလက လှော်ကထားကျောင်း(ယခု အထက)မှာ တက်တယ်။ အနောက်ရိုးမတောင်ခြေမှာ တိုက်ပွဲသံတွေ ကြားနေရတုန်းပဲ။ ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဝကျွန်းပေါ်တိုင်းများဥက္ကဋ္ဌ လာလုပ်နေတဲ့ ဗိုလ်အောင်ဖေ (ဒေသအခေါ်က ခားခုတ်ကြီး၊ ဂျပန်ခေတ်မှာ ခားဒဏ်ရာရပြီး မျက်နှာမှာ အမာရွတ်ကြီးရှိနေလို့)၊ ခင်အောင်၊ တင်မောင်၊ ချစ်စိန်ကြီး၊ နော်တစ်လုံးစိန်၊ ဂါးမင်းဆိုတဲ့ သောင်းကျန်းသူခေါင်းဆောင်နာမည်တွေနဲ့လည်း ရင်းနှီးလာတယ်။ တပ်မတော်သားတွေကတော့ ဘကြီးတို့ စိန်တောင်ဘုန်းကြီးကျောင်းမှာ၊ လှော်ကထားဘုန်းကြီးကျောင်းမှာ၊ ပန်းတောကြီး၊ မှန်စီ၊ ကွင်းကြီးဘက်တွေမှာ စခန်းချစခန်းထိုင် လုပ်ထားတော့ ကြားဖူးတဲ့သူတွေ အများကြီးပဲ။

ဘကြီးတို့ မူလတန်း၊ အလယ်တန်း ကျောင်းသားဘဝတစ်လျှောက်လုံးမှာ တပ်မတော်က ရွှေလင်းယုန်စစ်ဆင်ရေး၊ မိုးဟိန်းစစ်ဆင်ရေးဆိုတဲ့ စစ်ဆင်ရေးကြီးတွေ ဆင်နွှဲခဲ့တယ်၊ ဘကြီးတို့ ကျောင်းသားအရွယ်တွေတောင် ရပ်ရွာလုံခြုံရေးအတွက် ညှောင့်ချွန်၊ ဝါးချွန်၊ ခြံစည်းရိုးကာ၊ ရွာထိပ်မှာ ကင်းလိုက်စောင့် ဆိုတာတွေ လုပ်ခဲ့ဖူးတယ်။ အဲဒီလို နေလာရာက ၁၉၇၁ ခုနှစ်မှာ တိုင်းမှူး ဗိုလ်မှူးကြီးသန်းတင် (နောင်အခါဗိုလ်မှူးချုပ်သန်းတင်၊ ဒုတိယဝန်ကြီးချုပ်) ရောက်လာပြီး တိုင်းလုံးအောင်စစ်ဆင်ရေး၊ ရောမင်းစစ်ဆင်ရေးတွေနဲ့ မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံးကို ဖြတ် ၄ ဖြတ် စစ်ဆင်ရေးဆင်နွှဲလိုက်တဲ့အခါ ဗကပ အမြစ်ပြတ်ပါလေရောလား။ ဗိုလ်အောင်ဖေကိုလည်း အသေရမိခဲ့တယ်၊ ကျန်တဲ့သူတွေက ပြည်သူပါဝင်တဲ့ဒဏ်ကို မခံနိုင်တော့ဘဲ လက်နက်ချ အလင်းဝင်ခဲ့ကြတယ်။ ၁၉၇၃-၁၉၇၄ ခုနှစ်မှာ ရောဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသကြီး တစ်ခုလုံး အဖြူရောင်နယ်မြေ ဖြစ်လာခဲ့တယ်။

ဒီနေရာမှာ ဘကြီး အဓိကပြောချင်တဲ့အပိုင်းကို ရောက်လာပြီ၊ ဘကြီးတို့ဒေသ၊ ဘကြီးတို့မြို့နယ် အပါအဝင် ရောဝတီတိုင်းဒေသကြီးထဲက မြို့နယ်အသီးသီးမှာ နေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့၊ အထူးသဖြင့် အသက် ၆၀ နဲ့ အထက် ရှိသူတွေအနေနဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာကတည်းက KNU နဲ့ ဗကပ တို့ ကြိုးစိုးမှုဒဏ်ကို ခံစားခဲ့ကြဖူးပြီ။ ပြည်သူ့အားကိုယူပြီး အမြစ်ပြတ်ချေမှုန်းရေး ဆောင်ရွက်ရာမှာလည်း ပါဝင်ခဲ့ကြဖူးပြီ။ ဘကြီးရဲ့ တူ၊ တူမတွေသိအောင်ပြောရရင် ဘကြီးတို့ဒေသက ပြည်သူတွေအနေနဲ့ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီးပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးပြီ။ ရရှိထားတဲ့ တည်ငြိမ်အေးချမ်းမှုကို ဘယ်သူကမှ အပျက်စီး မခံချင်တော့ပါဘူး။

ဒီလို ယုံကြည်ချက်၊ ခံယူချက်တွေ ခိုင်ခိုင်မာမာ ရှိနေကြသူတွေကတစ်ဆင့် သက်ကြီးစကား သက်ငယ်ကြား ဆိုရိုးစကားအတိုင်း ပိုင်းဝန်းပြောဆိုညွှန်ပြကြလို့လည်း လေးမျက်နှာမြို့နဲ့ အရှေ့ခြမ်း ၂၄ အုပ်စုဟာ ယနေ့ထိ အေးအေးချမ်းချမ်း ရှိနေကြတာ၊ စိုက်ပျိုးနေကြတာ၊ ရောင်းဝယ်ဖောက်ကားသွားလာနေကြတာကို တွေ့ရမှာဖြစ်တယ်။ အနောက်ဘက်ခြမ်း ၁၉ အုပ်စုထဲက ယင်းဆယ်၊ မိုးကုတ်၊ လှော်ကထား၊ ကွမ်းခြံကုန်း(အနောက်)၊ ရေဖြူ ကျေးရွာအုပ်စုတွေလည်း တည်ငြိမ်အေးချမ်းလာပြီဖြစ်လို့ ပြီးခဲ့တဲ့ ဩဂုတ်လထဲမှာပဲ အထက နှစ်ကျောင်း၊ အထက ငါးကျောင်း ဖွင့်နိုင်ခဲ့တယ်၊ အလားတူပဲ စက်တင်ဘာလမှာ ဆေးရုံ တစ်ရုံ၊ ဆေးခန်းတစ်ခု ဖွင့်နိုင်ခဲ့တယ်။

ဒါ့ကြောင့် ဘကြီးပြောချင်တာက ပြည်သူမထောက်ခံရင်၊ ပြည်သူက မနှစ်သက်ရင် မင်းတို့ယုံကြည်ထားတဲ့အရာ၊ မင်းတို့မျှော်မှန်းထားတဲ့အရာတွေဟာ ဘာတစ်ခုမျှ ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ သဘောပေါက်ကြစေချင်တယ်။ တည့်တည့်ပြောရရင်တော့ တူ၊ တူမတို့အားလုံး မှားယွင်းနေတဲ့ ခေါင်းဆောင်မှု၊ သွေးဆောင်ဖျားယောင်းမှုတွေကို လက်မခံဘဲ အမှန်မြင် အလင်းရပြီး မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကို ပြန်ပြီးလျှောက်လှမ်းကြဖို့ ဘကြီး လေးလေးနက်နက် တိုက်တွန်းချင်တယ်။ အမြင်မှန်ရပြီး အလင်းဝင်တာဟာ လက်နက်ချအရှုံးပေးတာ မဟုတ်ဘူးဆိုတာကိုလည်း သိထားစေချင်တယ်။

ဘကြီးတို့ကိုယ်တိုင် နတလ ဝန်ထမ်းဘဝနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ သွားရောက်ဆောင်ရွက်ပေးခဲ့တဲ့ ဟိုမိန်းဒေသမှာ ၁၉၉၆ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းက လွယ်မော်(MTA)လက်နက်ကိုင်အဖွဲ့အနေနဲ့ အင်အား ၁၅၀၀၀ ကျော် အကြွင်းမဲ့ လက်နက်စွန့်ခဲ့ကြဖူးတယ်။ ပြီးတော့နေရာဒေသ ခြောက်ခုလောက်မှာ နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ကြတာ ယနေ့အထိတိုင်အောင်ပါပဲ။ ဘကြီးရဲ့ဘဝမှာ တပ်မတော်သားလည်း ဖြစ်ခဲ့ဖူးတယ်၊ လက်နက်ကိုင်အဖွဲ့အစည်းတွေကို ရန်သူအနေနဲ့လည်း ဆုံခဲ့ဖူးတယ်၊ နတလဝန်ထမ်းဖြစ်လာတော့လည်း ၁၉၈၉ ခုနှစ်ကနေ ၁၉၉၇ ခုနှစ်အတွင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြတဲ့ လက်နက်ကိုင်အဖွဲ့များ တည်ရှိရာ ဒေသတွေမှာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ပေးခွင့်ရခဲ့ပြန်တယ်၊ လူကြီးတစ်ယောက် ပြောခဲ့သလိုပါပဲ

*စာမျက်နှာ ၁၇ သို့*

**❝ ဘကြီးတို့ဒေသ၊ ဘကြီးတို့မြို့နယ်အပါအဝင် ရောဝတီတိုင်းဒေသကြီးထဲက မြို့နယ်အသီးသီးမှာ နေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့၊ အထူးသဖြင့် အသက် ၆၀ နဲ့အထက် ရှိသူတွေအနေနဲ့ လွန်ခဲ့တဲ့ဆယ်စုနှစ်ပေါင်းများစွာကတည်းက KNU နဲ့ ဗကပ တို့ ကြိုးစိုးမှုဒဏ်ကို ခံစားခဲ့ကြဖူးပြီ။ ပြည်သူ့အားကိုယူပြီး အမြစ်ပြတ်ချေမှုန်းရေး ဆောင်ရွက်ရာမှာလည်း ပါဝင်ခဲ့ကြဖူးပြီ။ ဘကြီးရဲ့ တူ၊ တူမတွေ သိအောင်ပြောရရင် ဘကြီးတို့ဒေသက ပြည်သူတွေအနေနဲ့ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီးပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးပြီ၊ ရရှိထားတဲ့ တည်ငြိမ်အေးချမ်းမှုကို ဘယ်သူကမှ အပျက်စီး မခံချင်တော့ပါဘူး ❞**

■ *ကျောဖုံးမှ*

အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ၅ ထပ် အဆောက်အအုံများအား မဖြိုချမီ တွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှုနေရာပြမြေပုံ။

ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၃ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

---

❍ *ကျောဖုံးမှ*

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရန်ကုန်စီးတီးအသင်းနှင့် ချင်းလန်းအသင်းတို့ပွဲစဉ် ပထမပိုင်းအပြီးတွင် ရန်ကုန်စီးတီးအသင်းက ပွဲချိန် ၃၆ မိနစ်တွင် သန်းတိုးအောင် သွင်းယူခဲ့သောဂိုးဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ၇၁ မိနစ်တွင် ချင်းလန်းအသင်းအတွက် ချေပဂိုးကို လွန်ရာဂျင်က သွင်းယူခဲ့သော်လည်း ပွဲချိန် ၈၈ မိနစ်၌ ထွန်းလင်းအောင်က ရန်ကုန်စီးတီး အသင်းအတွက် အနိုင်ဂိုးကို ထပ်မံသွင်းယူပေးခဲ့သဖြင့် ပွဲပြီးချိန်တွင် ရန်ကုန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

တောင်ဒဂုံအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဧရာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ပွဲစဉ်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း နှစ်ဖက်စလုံး သွင်းဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ဘဲ ပွဲအပြီးတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay Player of the Match ဆုကို သစ္စာအားမာန်အသင်းမှ ဂိုးသမား တိုးတိုးအောင်က ရရှိခဲ့သည်။

အပတ်စဉ်(၁၂) ဒုတိယနေ့ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် Galaxy အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်း (ဗဟန်းကွင်း)၊ FALCON အသင်းနှင့် ISPE အသင်း (တောင်ဒဂုံကွင်း)၊ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် (သီဟဒီပကွင်း)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-ML**

---

▲ *ကျောဖုံးမှ*

Tier-D အဆင့်တွင် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲတော်တွင် အုပ်စုပထမရ အသင်းများက Tier-A၊ အုပ်စုဒုတိယရ အသင်းများက Tier-B၊ အဆင့် (၃)ရသည့် အသင်းများက Tier-C၊ အဆင့် (၄)ရသည့် အသင်းများက Tier-D၊ အဆင့် (၅) ရသည့် အသင်းများက Tier-E နှင့် အဆင့် (၆)ရသည့် အသင်းများက Tier-F စသည်ဖြင့် အဆင့်အလိုက်ခွဲခြား၍ နောက်တစ်ဆင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

FIFA U-15 World Cup & Festival ပြိုင်ပွဲ၏ တရားဝင် ချန်ပီယံအသင်းကို Tier-A မှ ချန်ပီယံဖြစ်လာမည့် အသင်းတစ်သင်းတည်းကိုသာ သတ်မှတ်မည်ဖြစ်သည်။ ထို့ပြင် Tier အလိုက် ချန်ပီယံအသင်းများ သတ်မှတ်ပေးမည် ဖြစ်သည့်အတွက် မြန်မာ ယူ-၁၅ အသင်းအနေဖြင့် Tier-D အဆင့်တွင် ချန်ပီယံဖြစ်ခွင့် မျှော်လင့်ချက်ရှိနေသည်။

မြန်မာ ယူ-၁၅ အသင်းသည် အုပ်စုအဆင့်ပြိုင်ပွဲများတွင် ငါးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ဖြင့် ရမှတ် ခုနစ်မှတ်ရရှိကာ အုပ်စုအဆင့်(၄)နေရာရရှိခဲ့ခြင်းဖြစ်သည်။ Tier-D ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၈ ရက်တွင် အိုမန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

---

● *ကျောဖုံးမှ*

ရန်ကုန်စီးတီးအမျိုးသမီးအသင်း၏ ပထမဆုံး ပြည်ပကစားသမားဖြစ်သည့် တိုက်စစ်မှူး တီဗက်ဖ်သည် အသက် ၂၇ နှစ်အရွယ်ရှိပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ကမ္ဘောဒီးယား အမျိုးသမီးလိဂ်ပြိုင်ပွဲဝင် Boeung Ket FC အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ တီဗက်ဖ်သည် တိုက်စစ်မှူးနေရာအပြင် ကွင်းလယ်နှင့် တောင်ပံနေရာများတွင်ပါ အသုံးပြုနိုင်သူဖြစ်ပြီး ရန်ကုန်စီးတီးအသင်းတိုက်စစ်အတွက် အဓိကအားကိုးရမည့်သူဖြစ်လာမည်ဟု နည်းပြချုပ် ဦးရဲဝင့်သူက ယုံကြည်လျက်ရှိသည်။

ထို့ပြင် အသင်း၏ ဒုတိယမြောက် ပြည်ပကစားသမားဖြစ်သည့် အသက် ၂၈ နှစ်ရှိ အုဘေးသည် ဖိလစ်ပိုင် အမျိုးသမီးလက်ရွေးစင်ကစားသမားတစ်ဦးဖြစ်ပြီး မြန်မာအမျိုးသမီးလိဂ် ၂၀၂၄-၂၀၂၅ ပထမအကျော့တွင် ဧရာဝတီအမျိုးသမီးအသင်း၌ ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းသည် တောင်ပံမှတစ်ဆင့် ဖြတ်တင်ဘောများကို တိကျစွာပေးပို့နိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-YCFC**

---

✪ *ကျောဖုံးမှ*

ထို့ကြောင့် ဟယ်ရီကိန်းသည် ၂၀၀၁ ခုနှစ်က မိုက်ကယ်အိုဝင်နောက်ပိုင်း ဘာလွန်ဒီအောဆုကို ဆွတ်ခူးနိုင်သည့် ပထမဆုံးအင်္ဂလန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် အသက် ၃၃ နှစ်အရွယ်ကိန်းသည် စတန်လေ မက်သရူး (၁၉၅၆)၊ ဘော်ဘီချာလ်တန် (၁၉၆၆) နှင့် ကီးဂန်း (၁၉၇၈၊ ၁၉၇၉)၊ အိုဝင် (၂၀၀၁) ပြီးနောက် ဘာလွန်ဒီအောဆုဆွတ်ခူးနိုင်သည့် ပဉ္စမမြောက် အင်္ဂလန်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ကလပ်နှင့် နိုင်ငံအသင်းအတွက် ပွဲပေါင်း ၆၅ ပွဲတွင် သွင်းဂိုးပေါင်း ၇၃ ဂိုးအထိ သွင်းယူထားနိုင်သူ ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး ဘာလွန်ဒီအောဆုကို ဘာစီလိုနာနှင့် စပိန်ကွင်းလယ်ကစားသမား အလက်ဆီယာ ပူတဲလက်စ်က အီတဲပါဂျော၊ ခါဒီဂျာ ရှောတို့ကို ကျော်ဖြတ်ကာ သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။ အကောင်းဆုံး အမျိုးသားနှင့် အမျိုးသမီး လူငယ်ကစားသမားဆုကို ယာမာလ်နှင့် ဗစ်ကီလိုပက်ဖ်တို့က ဆွတ်ခူးနိုင်ခဲ့သည်။ အကောင်းဆုံး အမျိုးသားနှင့် အမျိုးသမီး နည်းပြဆုကို စပိန်အသင်းနည်းပြ လူးဝစ်ဒီလာဖွန်တေးနှင့် ဘာစီလိုနာအသင်းနည်းပြ ဗီရိုရှိမီယူက ဆွတ်ခူးခဲ့သည်။

အကောင်းဆုံး အမျိုးသားနှင့် အမျိုးသမီး ဂိုးသမားဆုကို အန်မီးဆီမာတီနက်နှင့် ကာတာရီးလ်တို့က ဆွတ်ခူးရရှိခဲ့သည်။ ဘူကာဆိုဆာကာသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးမှုများနှင့် လူမှုအကျိုးပြုလုပ်ဆောင်ချက်များကို ဂုဏ်ပြုပေးအပ်သည့် ဆော့ခရေးတီးဆုကို ဆွတ်ခူးရရှိခဲ့သည်။ ဘာစီလိုနာအမျိုးသမီးအသင်းနှင့် ရီးအယ်လ်မက်ဒရစ်တို့သည် အကောင်းဆုံးကလပ်အသင်းဆုကို ဆွတ်ခူးခဲ့သည်။

အကောင်းဆုံးအမျိုးသားတိုက်စစ်ကစားသမားဆုကို ဘိုင်ယန်မြူးနစ်နှင့် အင်္ဂလန်တိုက်စစ်ကစားသမား ဟယ်ရီကိန်း၊ အကောင်းဆုံး အမျိုးသမီး တိုက်စစ်ကစားသမားဆုကို ပါချူကာနှင့် မက္ကဆီကို တိုက်စစ်ကစားသမား ချာလင်းကော်ရယ်တို့က ဆွတ်ခူးရရှိခဲ့သည်။ **အောင်ဇော်**

---

*စာမျက်နှာ ၁၆ မှ*

မြန်မာပြည်မြေပုံပေါ်က ပြည်နယ်နဲ့ တိုင်းဒေသကြီး နယ်နိမိတ်တွေ ဟမသွားအောင်၊ ကွဲကွာမကွာအောင်၊ ပြည်ထောင်စုစိတ်ဓာတ်တွေ ခိုင်မြဲနေအောင် နတလဆိုတဲ့ (နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး)ကော်နဲ့ ကပ်ထားရမယ်လေ။

တူ၊ တူမတို့ရေ....။ ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ကျင်းပတဲ့ NCA (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က Video Message ဖြင့် ပေးပို့ပြောကြားရာမှာ-

**“အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အဓိကလိုအပ်တဲ့ လုပ်ငန်းစဉ်တွေကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ တွေ့ဆုံဆွေးနွေးအဖြေရှာတဲ့ ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး မဟာဗျူဟာတွေ ချမှတ်ရေး၊ ငြိမ်းချမ်းရေးနဲ့အတူ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးနဲ့ လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုဖြစ်စေတဲ့ အကြောင်းအရာတွေကို သုတေသနပြုပြီး ကာကွယ်တားဆီးရေးတို့ပဲ ဖြစ်တယ် ”**

သေချာဖတ်ကြည့်ပါ တူ၊ တူမတို့ ဘာတွေလိုအပ်တယ်၊ ဘာတွေကို ဖော်ဆောင်ရမယ်၊ ဘာတွေကို လိုက်နာရမယ်ဆိုတာ ရှင်းရှင်းလင်းလင်းကြီး တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အလားတူ PDF အမည်ခံအဖွဲ့တွေအနေနဲ့လည်း နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြဖို့ တိုက်တွန်းထားပါတယ်။ ဒီမိုကရေစီကို လိုချင်တယ်ဆိုရင် စည်းကမ်းရှိတဲ့ ဒီမိုကရေစီ၊ အကြမ်းမဖက်တဲ့ လုပ်ရပ်များနှင့်သာ သွားရမှာ ဖြစ်ပါတယ်လို့ ပြောကြားထားပါတယ်။

ကိုင်း... အနောက်ရိုးမတောင်ခြေနားက တူ၊ တူမများတို့ရေ ဘကြီး စာလည်းရှည်သွားပြီ။ ဘကြီးရဲ့ စေတနာ၊ ဒေသခံပြည်သူတွေရဲ့ လိုလားတောင့်တမှု၊ ပြည်တွင်းပြည်ပ စစ်ရေးနဲ့ နိုင်ငံရေး အခင်းအကျင်းတွေကို လေ့လာသုံးသပ်ပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ကြဖို့လိုပြီ။ တရားဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်မယ့် သတင်းစကားတွေကို ကြားနိုင်ပါစေ။ အလင်းတံခါးကို ရှာဖွေတွေ့ရှိနိုင်ကြပါစေ။ ॥

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် မကွေးမြို့ မြသလွန်စေတီတော်၌ ဆီမီး ၉၀၀၀ ၊ ပန်း ၉၀၀၀ ၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပြီး မီးပုံးပျံများ လွှတ်တင်ပူဇော်



**မကွေး အောက်တိုဘာ ၂၇**

ဗုဒ္ဓဘာသာတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် မကွေးတိုင်း ဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရားစေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ပြည်သူအများ လာရောက်ကာ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းတရားတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ယဉ်ကျေးမှု အစဉ်အလာမပျက် မီးထွန်းပွဲတော်များကို စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ဆင်နွှဲခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀)မြောက်ဗုဒ္ဓပူဇနီယပွဲတော်ကို ယခင်နှစ်များနည်းတူ ကျင်းပပြီး သံဃာတော်များပင့်ဖိတ်၍ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသံမစဲ မဟာပဋ္ဌာန်း ကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်းနှင့် အညာမြေ မီးပုံးပျံ လွှတ်တင်ပူဇော်ခြင်းကို ယမန်နေ့ကကျင်းပခဲ့ရာ မြသလွန်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားခဲ့သည်။

ဆီမီးထွန်းညှိ ကပ်လှူပူဇော်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် ဇနီး၊ နယ်မြေခံ တပ်နယ်မှ တာဝန်ရှိသူများနှင့် ဇနီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြသလွန်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်၍ မြသလွန်ဘုရားရင်ပြင်တော်ရှိ မဟာဝိဇယရံသီ တန်ဆောင်းတော်တွင် ဆီမီး၊ ပန်းရေချမ်းကပ်လှူပြီး ဘုရားရင်ပြင်တော်တွင် ဆီမီးထွန်းညှိပူဇော်ကာ ဘုရားဖူးလာပြည်သူများနှင့်အတူ မြသလွန်စေတီတော်မြတ်အား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ မီးပုံးပျံ လွှတ်တင်ပူဇော်ကွင်း၌ သီတင်းကျွတ်ပွဲတော် ကာလအတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ စိန်နားပန်၊ ညမီးကြီး မီးပုံးပျံ ၁၄ လုံးနှင့် မီးပုံးပျံငယ် ၃၀၀၀ တို့ကို လွှတ်တင်ပူဇော်ကြသည်။

မကွေးမြို့တွင် ရှေးဟောင်းသမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ၂၆ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကာလအတွင်း အငြိမ့်ပွဲ၊ ဇာတ်ပွဲများနှင့် ကလေးကစားကွင်းများ၊ မြန်မာ့ရိုးရာ အစားအစာများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းမျိုးစုံ ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပလျက်ရှိပြီး မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် ဘုရားဖူးလာ ပြည်သူများ စိတ်အေးချမ်းသာစွာ နားနေနိုင်ရန်အတွက်လည်း ဂေါပကအဖွဲ့က အခမဲ့နားနေဆောင်များကို စီစဉ်ထားရှိကြောင်းနှင့် ဘုရားပွဲတော်ကာလအတွင်း မြသလွန်စေတီတော်မြတ်ကြီးသို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများဖြင့် နေ့စဉ် အထူးစည်ကား များပြားလျက်ရှိကြောင်းသိရသည်။

**မောင်ခိုင်မင်း**
**(ပြန်/ဆက်)**

# မုဒုံမြို့ သီတင်းကျွတ်လပြည့်နေ့အခါသမယ ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မော်လမြိုင် အောက်တိုဘာ ၂၇**

မွန်ပြည်နယ် မုဒုံမြို့၏ အထင်ကရ သမိုင်းဝင် ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို သီတင်းကျွတ်လပြည့်နေ့ အခါသမယတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကန်ကြီး မင်္ဂလာကန်တော်၌ကျင်းပရာ မြို့နယ်အသီးသီးမှ လှေလှော်အသင်းများနှင့် ဒေသခံရိုးရာလှေလှော် အားကစားသမားများက အားမာန်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ရေကူးအလုပြ အားကစားသမားများက ရေကူးအားကစားနည်းဖြင့် သရုပ်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ရေကူးအလုပြပြိုင်ပွဲတွင်ဆုရရှိသူများကို တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ချီးမြှင့်၍ ရိုးရာလှေလှော် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့်အသင်းများကို ဂုဏ်ပြုဆုဖလား၊ ဂုဏ်ပြုဆုငွေနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲသို့ ဒေသခံပြည်သူများနှင့် နီးစပ်ရာမြို့နယ်များမှ ဘုရားဖူးပြည်သူများ၊ လှေလှော် အားကစားဝါသနာရှင်များ အထူးစည်ကားများပြားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ဘားအံမြို့ရှိ သေဋ္ဌမာရ်အောင်ဘုရားကြီး၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်

**ဘားအံ အောက်တိုဘာ ၂၇**

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ယမန်နေ့ သီတင်းကျွတ်လပြည့်ညတွင် ဘားအံမြို့ရှိ သေဋ္ဌမာရ်အောင်ဘုရားကြီးရင်ပြင်တော်၌ ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်ပွဲကိုကျင်းပရာ ဆီမီး ထွန်းညှိပူဇော်ကြသူများ၊ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားများပြားခဲ့သည်။

ဆီမီးထွန်းညှိ ပူဇော်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီးတို့သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရဟန်းရှင်လူ ဘုရားဖူး ခရီးသွားဧည့်သည်များနှင့်အတူ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ စာသားပုံဖော်ထားသော ဆီမီးခွက် ၉၀၀၀ ကို ထွန်းညှိပူဇော်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကလေးပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့အေးရိပ် သာသနာယကချုပ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒေါက်တာ ဘဒ္ဒန္တ ပညာသာမိအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဒေးဒရဲမြို့၌ (၂၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ လှည့်လည်ပူဇော်ပွဲကျင်းပ

**ဒေးဒရဲ အောက်တိုဘာ ၂၇**

မြို့နယ် ကျက်သရေဆောင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည် အပူဇော်ခံပွဲကို ယနေ့ညနေ ၅ နာရီမှစတင်၍ ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီးမှစတင်၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ ဒေသစာရီလှည့်လည် အပူဇော်ခံလျက်ရှိရာ လမ်းတစ်လျှောက်တွင် ရဟန်းသံဃာတော်များက ပရိတ်၊ ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်တော်မူကြပြီး ဘုရားဖူးပြည်သူများကလည်း အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။



**အေဇာလင်း**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**





# သီတင်းကျွတ်ကာလအခါသမယတွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ပြည်သူအများ အေးချမ်းစွာ ဖူးမြော်ကြည်ညိုကုသိုလ်ဒါနပြု၊ သီတင်းကျွတ်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်များအနက် မွန်မြတ်ကြည်နူးဖွယ် အကောင်းဆုံးဖြစ်သည့် သီတင်းကျွတ် မီးထွန်းပွဲတော်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ မြို့ပြနှင့် ကျေးလက်ဒေသအသီးသီးတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရား၊ စေတီပုထိုးများ၌ ဖူးမြော်ကြည်ညိုခြင်း၊ ကုသိုလ်ဒါနပြုခြင်းများနှင့်အတူ အစဉ်အလာ ရိုးရာပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိသည့်အပြင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကာသနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူလာသည့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးထွန်းပူဇော်သည့် အစဉ်အလာအတိုင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လမ်းတိုင်း၊ အိမ်တိုင်းတွင် ရောင်စုံဆီမီးများ၊ မီးပုံးများဖြင့် ထွန်းညှိပူဇော်ခြင်းများကို နိုင်ငံတစ်ဝန်း လှပတင့်တယ်သည့် သီတင်းကျွတ်ညချမ်းရှုခင်းများကို သာယာကြည်နူးချမ်းမြေ့ဖွယ် ကျင်းပလျက်ရှိကြသည်။

ထိုသို့ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း ကျင်းပလျက်ရှိရာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ယနေ့တွင်လည်း ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအပါအဝင် ဘုရား၊ စေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများသည် ဝါကျွတ်ကာလအခါသမယအဖြစ် ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းလှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးကုသိုလ်ပြုခြင်းတို့ဖြင့် ကုသိုလ်သီလပွားများလျက်ရှိကြသည်။ ထို့အပြင် မြန်မာတို့၏ ချစ်ဖွယ်ကောင်းသော ယဉ်ကျေးမှုအစဉ်အလာအတိုင်း မိဘ၊ ဆရာ၊ သက်ကြီးဝါကြီး အဘိုးအဘွားများအား သွားရောက်ပူဇော်ကန်တော့ကြပြီး မေတ္တာမင်္ဂလာတရားများဖြင့် ပျော်ရွှင်စရာကောင်းသော သီတင်းကျွတ်ကာလကို ဖြတ်သန်းကြလျက်ရှိကြသည်။

မြို့ပြဒေသများရှိ အများပြည်သူ အပန်းဖြေနေရာများ၊ ဥယျာဉ်များနှင့် ပန်းခြံများတွင်လည်း ရောင်စုံမီးအလှများ တပ်ဆင်ထားရှိကာ မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် ဈေးရောင်းပွဲတော်များ ကျင်းပပေးလျက်ရှိရာ မိသားစုအလိုက်၊ သူငယ်ချင်းအပေါင်းအသင်းအဖွဲ့များအလိုက် လည်ပတ်အနားယူသူများဖြင့် အထူးပင် စည်ကားများပြားလျက်ရှိသည်။ အလားတူပင် ကျေးလက်ဒေသများတွင်လည်း ရွာလုံးကျွတ်ဆီမီးထွန်းပူဇော်ပွဲများ၊ ရိုးရာမီးပုံးပျံလွှတ်တင်ပွဲများနှင့် ဒေသဆိုင်ရာ ဘုရားပွဲတော်များကို ပျော်ရွှင်စွာ ကျင်းပကြရာ မြို့ပြနှင့် ကျေးလက် ဟန်ချက်ညီညီ ငြိမ်းချမ်းအေးမြသည့် ရိုးရာပွဲတော်ရသကို အပြည့်အဝ ဖန်တီးကြလျက်ရှိရာ ပြည်သူအများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေလည်ပတ်လျက်ရှိကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းမကြီးများနှင့် လမ်းသွယ်များတစ်လျှောက် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးများ လှပစွာတပ်ဆင်ထားရှိပြီး မီးရောင်စုံများ တပ်ဆင်ထားသည့် ပန်းအလှပုံစံများ၊ ရောင်စုံမီးစာလုံးများ၊ အလှဆင်ပုံစံငယ်များကို ရောင်စုံမီးအလှများ ဆင်ယင်ထားရှိကြရာ လာရောက်အပန်းဖြေ ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





## မိုင်းရှူးမြို့နယ်၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မိုင်းရှူး အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘုရားအမှူးပြု၍ မိုင်းရှူးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းပေါင်း ၄၇ ကျောင်းမှ ဆရာတော် သံဃာတော် ၉၄၁ ပါးက အမှတ်(၄) ရပ်ကွက်ရှိ ယုံးပေါင်ကျောင်းမှ မြို့လယ် ဘုရားကြီးကျောင်းသို့ ကြွရောက်အလှူခံရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများနှင့် ရပ်နီး၊ ရပ်ဝေး အလှူရှင်များက လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကြို့ပင်ကောက်၌ (၇၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ကြို့ပင်ကောက်အောက်တိုဘာ၂၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ (၇၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းက အရှေ့ဘက် မဟာလောကသီရိ ဘုရားကြီးမှ မြို့မဈေးအား လက်ယာရစ်တစ်ပတ်ပတ်၍ စည်ကားသိုက်မြိုက်စွာကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများအပါအဝင် မြို့နယ်အတွင်းရှိ ဝါဆိုဝါကပ်တော်မူသော သံဃာ ၂၁၇ ပါး၊ စာသင်တိုက်ကြီးများမှ ဝါဆိုသံဃာအပါး ၁၅၀၊ သီလရှင် ၁၄၁ ပါး စုစုပေါင်း ဘုရားအပါအဝင် အပါး ၅၁၀ တို့အား ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာ အုပ်စုအလိုက် စေတနာရှင်အလှူရှင်များက ဆွမ်းဆန်အိတ် ၁၉၄ အိတ်နှင့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုအလှူငွေများကို သတ်မှတ်နေရာများအတိုင်း စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံထုတ်ကုန်တိုးတက်မှုသို့ (အပိုင်း-၃)

**လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စာရေးသူတက်ရောက်ဆွေးနွေးခွင့်ရရှိခဲ့ပါသည်။ ထိုအထဲမှာမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။**

မောင်ပြေ(ဆင်ပေါင်ဝဲ)

အဆိုပြုထားသော အမျိုးသားအဆင့် စိုက်ပျိုးမွေးမြူရေးသုတေသနကောင်စီ (National Agricultural Research Council – NARC) သည် သုတေသနများကို ကိုယ်တိုင်အားလုံး လုပ်ဆောင်မည့်အဖွဲ့အစည်းထက် အမျိုးသားအဆင့်အားလုံးပါဝင်သော ညှိနှိုင်းဆောင်ရွက်ပေးသူခေါင်းဆောင်အဖြစ် ပိုမိုသင့်တော်ပါသည်။

နမူနာအနေဖြင့် အိန္ဒိယနိုင်ငံ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနကောင်စီ (ICAR – Indian Council of Agricultural Research) ဖွဲ့စည်းပုံနှင့် အိန္ဒိယနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပုံများကို ရေးသားဆွေးနွေးပါမည်။

**အိန္ဒိယစိုက်ပျိုးမွေးမြူရေးသုတေသနကောင်စီ** သည် အိန္ဒိယတစ်နိုင်ငံလုံးရှိ လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ ရေလုပ်ငန်းနှင့် မွေးမြူရေးသိပ္ပံများ အပါအဝင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနနှင့်




အိန္ဒိယစိုက်ပျိုးမွေးမြူရေးသုတေသနကောင်စီ။




အိန္ဒိယနိုင်ငံ အစိမ်းရောင်တော်လှန်ရေးဖခင်ကြီး

ပညာရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းခြင်း၊ လမ်းညွှန်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အတွက် တာဝန်ရှိသော အမြင့်ဆုံး သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ဌာနချုပ်မှာ နယူးဒေလီမြို့၌ တည်ရှိပြီး ၁၉၂၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် (မူလက Imperial Council of Agricultural Research အဖြစ်) စတင်တည်ထောင်ခဲ့ကာ ကမ္ဘာ့အကြီးဆုံး အမျိုးသားစိုက်ပျိုးမွေးမြူရေး သုတေသနကွန်ရက်များထဲမှ တစ်ခုအဖြစ် အိန္ဒိယနိုင်ငံအတွင်း ကွပ်ကဲအုပ်ချုပ်လျက်ရှိပါသည်။

အိုင်စီအေအာ (ICAR) သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လွတ်လပ်သောအဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း အစိုးရနှင့် တိုက်ရိုက်ဆက်နွှယ်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုများတော့ ရှိပါသည်။

- **ဥပဒေရေးရာ အခြေအနေ။** ၁၈၆၀ ပြည့်နှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်း အက်ဥပဒေအရ သီးခြားလွတ်လပ်သော အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ထားခြင်း ဖြစ်ပါသည်။
- **စီမံအုပ်ချုပ်မှု။** အိန္ဒိယနိုင်ငံအစိုးရ စိုက်ပျိုးမွေးမြူရေးနှင့် တောင်သူလယ်သမား ဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဦးစီးဌာန (Department of Agricultural Research and Education – DARE)၏ အောက်တွင် လည်ပတ်ဆောင်ရွက်ပါသည်။
- **ခေါင်းဆောင်မှု။** ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေးဝန်ကြီးသည် ICAR အဖွဲ့၏ ရာထူးအရ ဥက္ကဋ္ဌ (ex-officio President) အဖြစ် ဆောင်ရွက်ပြီး ညွှန်ကြားရေးမှူးချုပ် (DARE ၏ အိန္ဒိယအစိုးရ အတွင်းဝန်အဆင့်ရှိသူ)က လုပ်ငန်းစဉ်များနှင့် စီမံခန့်ခွဲရေးပိုင်းကို ဦးဆောင်ပါသည်။
- **ဘဏ္ဍာရေး ပံ့ပိုးမှု။** သိပ္ပံဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ သင်ရိုးညွှန်းတမ်းပုံစံထုတ်ခြင်းနှင့် သုတေသန ဦးစားပေးလုပ်ငန်းများ သတ်မှတ်ခြင်းတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ခံစားရသော်လည်း အဓိက ဘဏ္ဍာရေး ရန်ပုံငွေကို အိန္ဒိယပြည်ထောင်စုအစိုးရက ထောက်ပံ့ပေးပါသည်။
- ဤအဖွဲ့တွင် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အငြိမ်းစားပညာရှင်များစွာက ဂုဏ်ထူးဆောင် သိပ္ပံပညာရှင်များအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိနေပါသည်။

**{ဥပမာ – စာရေးသူကို အလွန်ချစ်ခင်သော ပါမောက္ခ ဒေါက်တာမက်သာ (Professor Dr. S.L. Metha) ကြီးသည် အသက် ၇၀ ကျော်နေပြီဖြစ်သော်လည်း သင်ကြားရေး၊ သုတေသနနှင့် အကြံပေးခြင်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိနေပါသေးသည်။}**

**(က) အိန္ဒိယစိုက်ပျိုးရေးကဏ္ဍတွင် ICAR ၏ အဓိက အကျိုးကျေးဇူးများနှင့် ပါဝင်ဆောင်ရွက်မှုများ**

အိုင်စီအေအာသည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ယခင်အစားအစာ ရှားပါးသည့် အခြေအနေမှ အစားအစာဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်သည့်အခြေအနေအထိ ပြောင်းလဲရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

**(က–၁) အစိမ်းရောင်၊ အဖြူရောင်နှင့် အပြာရောင် တော်လှန်ရေးများ၏ တွန်းအားများ**

- **အစိမ်းရောင်တော်လှန်ရေး။** ၁၉၆၀ ပြည့်လွန်နှစ်များတွင် ICAR သိပ္ပံပညာရှင်များက အထွက်ကောင်း ဂျုံနှင့် စပါးမျိုးကောင်းမျိုးသန့်များကို ဒေသနှင့်ကိုက်ညီအောင် ပြုပြင်ဖန်တီးပေးခဲ့ပြီး ကျယ်ပြန့်စွာ ဖြစ်ပွားနိုင်သည့် ငတ်မွတ်ခေါင်းပါးမှုကို တားဆီးပေးနိုင်ခဲ့ပါသည်။ **အိန္ဒိယနိုင်ငံ အစိမ်းရောင်တော်လှန်ရေး၏ ဖခင်ကြီး ဒေါက်တာ ဆွာမိနာသန် (Dr. M.S. Swaminathan)**
- **အဖြူရောင်နှင့် အပြာရောင်တော်လှန်ရေး။** သားစပ်ခြင်းနှင့် ဒေသမျိုးစိတ် ထိန်းသိမ်းခြင်းတို့ဖြင့် နို့ထွက်နှုန်းကို မြှင့်တင်ပေးခဲ့သည့် နို့ထွက်ပစ္စည်းကဏ္ဍ (အဖြူရောင်တော်လှန်ရေး)နှင့် ရေချို/ရေငန် ငါး၊ ပုစွန် မွေးမြူရေးကို တိုးတက်စေခဲ့သည့် ငါး၊ ပုစွန်ထုတ်လုပ်မှုကဏ္ဍ (အပြာရောင်တော်လှန်ရေး) တို့တွင်လည်း အဓိက ပါဝင်ကူညီခဲ့ပါသည်။

**(က–၂) သီးနှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းနှင့် အာဟာရဓာတ် မြှင့်တင်ခြင်း**

- နှံစားသီးနှံများ၊ ဆီထွက်သီးနှံများ၊ ပဲမျိုးစုံနှင့် စီးပွားဖြစ် သီးနှံများအတွက် အထွက်ကောင်းပြီး ရာသီဥတုဒဏ်ခံနိုင်သော၊ ရောဂါနှင့် ဖျက်ဆီးတတ်သော ပိုးမွှားဒဏ်ခံနိုင်သည့် သီးနှံမျိုးစိတ်ပေါင်း ထောင်ပေါင်းများစွာကို ထုတ်လုပ်ပေးခဲ့ပါသည်။
- ကျေးလက်ပြည်သူများ၏ အာဟာရချို့တဲ့မှုနှင့် ဆာလောင်မှုကို ဖြေရှင်းရန်အတွက် ဇင့်၊ သံဓာတ်၊ ပရိုတင်းနှင့် ဗီတာမင်ဓာတ်များ ကြွယ်ဝစွာ ပါဝင်သည့် အာဟာရဓာတ် မြှင့်တင်ထားသော သီးနှံမျိုးစိတ်များကို ဦးဆောင်ထုတ်လုပ်ခဲ့ပါသည်။

**(ခ) ကျေးလက်တောင်သူပညာပေးဌာနများ (Krishi Vigyan Kendras – KVKs) မှတစ်ဆင့် နည်းပညာ ဖြန့်ဝေပေးခြင်း**

- အိန္ဒိယနိုင်ငံ၏ ခရိုင်တိုင်း၊ မြို့နယ်တိုင်းနီးပါးတွင် တောင်သူလယ်ယာကွင်းနှင့် အနီးစပ်ဆုံးတည်ရှိသော Krishi Vigyan Kendras (စိုက်ပျိုးရေးမွေးမြူရေးသိပ္ပံ တောင်သူပညာပေးဌာနများ– ကေဗွီကေ KVKs) ၇၀၀ ကျော်ကို စီမံခန့်ခွဲပေးလျက်ရှိပါသည်။
- ကေဗွီကေ (KVK) များသည် စိုက်ပျိုးမွေးမြူရေး နည်းပညာသစ်များကို စမ်းသပ်ခြင်း၊ စိုက်ပျိုးမွေးမြူရေး လက်တွေ့ပြသခြင်း၊ တောင်သူများကို သင်တန်းပေးခြင်း၊ ဒေသတွင်း ရာသီဥတုနှင့် သီးနှံ၊ လယ်ယာတိရစ္ဆာန်များ မွေးမြူရေးဆိုင်ရာ အကြံပြုချက်များ ထုတ်ပြန်ပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းတို့ကို ဦးဆောင်ဆောင်ရွက်ပေးသည့် ဗဟိုဌာနများ ဖြစ်ကြပါသည်။
- တောင်သူများအတွက် အဆင်အပြေဆုံးအချက်မှာ လိုအပ်ချက်များရရှိရာ နေရာ၊ တစ်နေရာတည်းတွင် ရုံးပေါင်းစုံရှိနေခြင်းဖြစ်ပြီး ဥပမာ– သီးနှံမျိုးစေ့၊ အပင်ပေါက်များ ဝယ်ယူရာ၊ ကြက်၊ ဆိတ်၊ နို့စားနွား အကောင်ပေါက်ကလေးများ ဝယ်ယူရာ၊ မြေဆီလွှာများ စမ်းသပ်ရာ၊ စက်မှုလယ်ယာ၊ ရေသွင်းရေထုတ်ခြင်းကိစ္စ၊ သီးနှံ၊ အသား၊ ငါးဈေးနှုန်းစုံစမ်းရာနှင့် လယ်ယာပြဿနာများကို စုံစမ်းမေးမြန်းရာ **မိမိနေအိမ်၊ လယ်ယာများနှင့် အနီးဆုံးနေရာလေးဖြစ်နေခြင်း ဖြစ်ပါသည်။**

**စာရေးသူအတွေး**

စာရေးသူတို့နိုင်ငံတွင် တောင်သူဦးကြီး၊ ဒေါ်ကြီးများအတွက် ခရိုင်၊ မြို့နယ်ရုံးပေါင်းစုံရှိနေခြင်းထက် တစ်ရုံးတည်း၊ တစ်နေရာတည်း ရှိနေခြင်းက ပိုများအကျိုးရှိစေမလား။

အိန္ဒိယနိုင်ငံ၌ ဤ KVK စနစ်၏ အားသာချက်၊ အားနည်းချက်များကို မိမိနိုင်ငံ ဒေသရာသီဥတု၊ အခြေအနေများနှင့် ကိုက်ညီသော စံပြစနစ်များကို စမ်းသပ်၊ ဆောင်ရွက်ကြည့်ရင်ကော။

ဩစတြေးလျနိုင်ငံတွင်တော့ သုတေသနနှင့် တောင်သူပညာပေးလုပ်ငန်းများကို အစိုးရနှင့်အတူ ပုဂ္ဂလိက ကဏ္ဍများမှ ခွဲဝေ၊ တွဲဖက်တာဝန်ယူလျက်ရှိပါသည် ။ ဥပမာ – မြန်မာနိုင်ငံ လက်ရှိပို့ဆောင်ရေး၊ စားသောက်ဆိုင်စနစ်များကို ပုဂ္ဂလိက အဖွဲ့များ အချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်သကဲ့သို့ စမ်းသပ်ဆောင်ရွက်ကြည့်ရင်ကော။ ။




အိန္ဒိယစိုက်ပျိုးမွေးမြူရေးဆိုင်ရာကျေးလက်ဌာန။

**❝ ကေဗွီကေ(KVK)များသည် စိုက်ပျိုးမွေးမြူရေးနည်းပညာသစ်များကို စမ်းသပ်ခြင်း၊ စိုက်ပျိုးမွေးမြူရေး လက်တွေ့ပြသခြင်း၊ တောင်သူများကို သင်တန်းပေးခြင်း၊ ဒေသတွင်း ရာသီဥတုနှင့် သီးနှံ၊ လယ်ယာတိရစ္ဆာန်များ မွေးမြူရေးဆိုင်ရာ အကြံပြုချက်များ ထုတ်ပြန်ပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းတို့ကို ဦးဆောင်ဆောင်ရွက်ပေးသည့် ဗဟိုဌာနများဖြစ် ❞**

## ကျွန်းလှမြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးပူဇော်ပွဲများ ကျင်းပ

**ကျွန်းလှ အောက်တိုဘာ ၂၇**

ကျွန်းလှမြို့နယ်၌ သီတင်းကျွတ်ပြည့်နေ့ ညတွင် မြို့ပေါ်ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများ၌ ဆီမီးပူဇော်ပွဲများ ကျင်းပရာ မိတ်ဆွေအပေါင်းအသင်းများ၊ မိသားစုများ၊ ဒေသခံပြည်သူများ၊ ဝတ်အသင်းများ၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များက အစဉ်အလာမပျက် ဆီမီးပူဇော်ကြသည်။

ထို့ပြင် မြို့ပေါ်ရပ်ကွက်ရှိ ဓမ္မစကြာအသင်းများ၊ ဓမ္မစကူးကျောင်းသား ကျောင်းသူများက ရပ်မိရပ်ဖများ ဦးဆောင်၍ ရိုးရာမပျက် အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် ဆီမီးလှည့်လည်ပူဇော်ကြပြီး အလှူရှင်များက အာဟာရဒါနကုသိုလ်ပြုကျွေးမွေးကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**





## မဟာမကုဋရုံသီမြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၌ ဘုရားဖူးသူများဖြင့် စည်ကား

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၂၇**

ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဘုရားဖူးဧည့်သည်များဖြင့် စည်ကားများပြားလျက်ရှိသည်။

ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသူများက ကုန်းလမ်းရေလမ်းမှ သင်္ဘောများ၊ ကားများဖြင့် လာရောက်ကြပြီး ဘုရားကုန်းတော်အနီးရှိ တည်းခိုရိပ်သာများနှင့် ကုန်းတော်အောက်ရှိ ရင်ပြင်တော် ပထမထပ်အတွင်း အနားယူအပန်းဖြေကြပြီး မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၌ သီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ နဂါးစာကျွေးခြင်းတို့ကို ပြုလုပ်ကြသည်။

ထို့ပြင် ပင်လယ်ကမ်းခြေ၏သဘာဝအလှများကို ကြည့်ရှုခံစားပြီး ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးအပန်းဖြေခြင်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင်နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက်ဖူးမြော်ခြင်း၊ ကျောက်ကလပ်သို့ သွားရောက်၍အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသူများဖြင့် စည်ကားလျက်ရှိသည်။ **လှိုင်မျိုးအောင်(ပြန်/ဆက်)**

## ကော့ကရိတ်မြို့၌ သီတင်းကျွတ်လပြည့်နေ့ ဆီမီးပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးပွဲများဖြင့် စည်ကား

**ကော့ကရိတ် အောက်တိုဘာ ၂၇**

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ကော့ကရိတ်မြို့၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ဘုရား၊ ကျောင်း၊ စေတီပုထိုးများသွားရောက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ပေါ်ရှိ ဘုရား၊ ကျောင်း၊ စေတီပုထိုးများ၌ ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း ညနေပိုင်းတွင် ရပ်ကွက်များ၌ ဖြတ်သန်းသွားလာသူများနှင့် ဒေသခံပြည်သူများအား အာဟာရဒါန စတုဒိသာကျွေးမွေးလှူဒါန်းမှုများ ပြုလုပ်သည်။

ညပိုင်းတွင် သီတင်းကျွတ်လပြည့်အခါသမယ၏ ကုသိုလ်ပွဲကို ကော့ကရိတ်မြို့၏ အထင်ကရ ဇိနသုခလောကသရဖူ စေတီတော်မြတ်ကြီးတွင် ဆီမီးတစ်ထောင် ပူဇော်ခြင်းနှင့် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ရပ်ကွက်အလိုက်လမ်းများတွင်လည်း ရောင်စုံမီးထွန်းခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်းဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





## သီတင်းကျွတ်လပြည့်နေ့တွင် ဘိုကလေးမြို့နယ်၌ တာဝတိံသာဘုရားဆင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဘိုကလေး အောက်တိုဘာ ၂၇**

ဘိုကလေးမြို့နယ်၏ အထင်ကရဘာသာရေးပွဲတော်တစ်ခုဖြစ်သည့် တာဝတိံသာ ဘုရားဆင်းပွဲတော်ကို သီတင်းကျွတ်လပြည့်ညတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယခုနှစ် ကျင်းပခဲ့သည့် တာဝတိံသာဘုရားဆင်းပွဲတော်သည် စေတီတော်သစ်ကြီးဖြင့် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်၍ လည်းကောင်း၊ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ နတ်၊ ဗြဟ္မာအပေါင်း ခြံရံ၍ ကြွချီပုံ (ဘုရားဆင်းပွဲတော်)ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဘုရားဆင်းပွဲတော်ကို အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

**ကျိုက်လတ် အောက်တိုဘာ ၂၇**

ကျိုက်လတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၉ ရက်က ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း၏ ရည်ရွယ်ချက်များနှင့် ကလေးသူငယ်များတွင် ဖြစ်ပွားပါက နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်နိုင်ကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။



ထို့နောက် အသက် ၉ လမှ ၅၉ လအတွင်းရှိ ကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အာဟာရဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများဖြစ်သော လက်မောင်းလုံးပတ် တိုင်းတာခြင်း၊ ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးရန် လိုအပ်သော ကလေးများအား တိုက်ကျွေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဦးစီးဌာနဌာနခွဲများရှိ ဆေးထိုးစုရပ်များတွင် အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **လှိုင်မင်းအောင်(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

**လယ်ဝေး အောက်တိုဘာ ၂၇**

လယ်ဝေးမြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များကို အောက်တိုဘာ ၂၀ ရက်က အယ်လ်နီညိုကာလ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်အောင် ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အသင့်ထားရှိသော မီးသတ်ပစ္စည်းကိရိယာများ၊ မီးသတ်စက် ပိုက်လိပ်/ခေါင်းများ၊ Hydrant များ ရေသိုလှောင်ထားရှိမှုများ၊ Foam ဆေးရည်/ ပိုက်ခေါင်း ထားရှိမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## ရွှေကျင်မြို့နယ်၌ သီတင်းကျွတ်လပြည့်၌ ကောင်းမှုပြုသူများဖြင့် စည်ကား

**ရွှေကျင် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့၌ ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။ ရွှေကျင်မြို့နယ်လုံးဆိုင်ရာ မဟာပဝါရဏာပြုပွဲကို ညနေ ၄ နာရီက ပျဉ်းမပင်ရပ်ကွက်အတွင်းရှိ လေးထပ်ဘုန်းတော်ကြီးကျောင်းတွင် မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော် အပါး ၉၀ ကျော်တို့အား မဟာပဝါရဏာပြုပွဲ ကျင်းပရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက သိမ်ဆင်းလောင်းလှူကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## လှိုင်လင်မြို့၌ (၉၇) ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**လှိုင်လင် အောက်တိုဘာ ၂၇**

လှိုင်လင်မြို့၌ (၉၇) ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲပိုင်းက မြို့မဈေးကြီးရှေ့ မင်းလမ်းတစ်လျှောက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပင့်သံဃာ ၃၅၄ ပါးတို့အား လှိုင်လင်တပ်နယ်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ လောင်းလှူကြကြောင်း သိရသည်။

**လှိုင်လင်မိုး**





## သီတင်းကျွတ်လပြည့်နေ့ည၌ ဘုရား၊ စေတီ၊ ပုထိုးများ၌ မီးထွန်းပွဲတော်များ၊ ဘုရားဖူးပြည်သူများ၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကား

**ကော့သောင်း အောက်တိုဘာ ၂၇**

ကော့သောင်းမြို့တွင် သီတင်းကျွတ်လပြည့်ည၌ ဘုရားကျောင်းကန်၊ စေတီ၊ ပုထိုးများ၌ ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်းနှင့် မီးထွန်းပွဲတော်များ၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ကော့သောင်းမြို့ရှိ ဘုရား၊ စေတီပုထိုးများတွင် ဆီမီးပူဇော်ပွဲများ ကျင်းပခြင်း၊ မီးရှူးမီးပန်းများ လွှတ်တင်ခြင်း၊ မီးပုံးလွှတ်ခြင်းများ၊ လမ်းမကြီးများ၊ လမ်းသွယ်၊ လမ်းကြား၊ နေအိမ်များတွင် ရောင်စုံအလှမီးသီး၊ မီးချောင်းထွန်းခြင်းများ ပြုလုပ်ကြပြီး စေတနာရှင် အလှူရှင်များက စတုဒိသာကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပခြင်းများ ဆောင်ရွက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

ကလောမြို့နယ်ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများ၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)



## ဘုတ်ပြင်းမြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲ၊ မီးပုံးပျံအလုံး ၂၀၀ လွှတ်တင်ပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးအလှူ အထူးစည်ကားစွာ ကျင်းပ

**ဘုတ်ပြင်း အောက်တိုဘာ ၂၇**

ဘုတ်ပြင်းမြို့နယ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် အတုလာအဓိပတိ မဟာမုနိရွှေသာလျောင်းဘုရား၌ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးအလှူအား စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ညနေပိုင်းတွင် အတုလာအဓိပတိမဟာမုနိရွှေသာလျောင်းဘုရား အတက်လမ်းရှိ နိဗ္ဗာန်ဈေးအား ဘုတ်ပြင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူများက နိဗ္ဗာန်ဈေးအလှူကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၊ ဒေသခံပြည်သူများ ပါဝင်လှူဒါန်းကြသည် နိဗ္ဗာန်ဈေးဆိုင်ခန်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဘုရားဖူးပြည်သူများက ရင်ပြင်တော်၌ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ခဲ့ကြပြီး မီးပုံးပျံအလုံး ၂၀၀ ကို လွှတ်တင်ပူဇော်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဘုတ်ပြင်းမြို့ အောင်တော်မူစေတီတော်၊ လျောင်းတော်မူဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် သီရိမင်္ဂလာစေတီတော်တို့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်

**လပွတ္တာ အောက်တိုဘာ ၂၇**

လပွတ္တာခရိုင် (၃) မိုင်မြို့ရှိ မြသန်းတန်ဘုရားကြီး၌ (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညတွင် မြသန်းတန်ဘုရားကြီးရင်ပြင်၌ ပြုလုပ်သည်။

ဆီမီးပူဇော်ပွဲတွင် လပွတ္တာခရိုင် မြို့နယ်စီမံခန့်ခွဲရေးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားအားရည်မှန်း၍ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ပွားပူဇော်ခြင်း၊ ပန်း၊ ရေချမ်းနှင့် လှူဖွယ်ဝတ္ထုများကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းလျက်ရှိပြီး သီတင်းကျွတ်ပွဲတော်ကို ဆင်နွှဲခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ချင်းပြည်နယ် ဖလမ်းမြို့၌ သီတင်းကျွတ်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



**ဖလမ်း အောက်တိုဘာ ၂၇**

ချင်းပြည်နယ် ဖလမ်းမြို့၌ ယမန်နေ့ ညနေ ၆ နာရီမှစတင်၍ မြို့ပေါ်ရှိစေတီများ၊ အထင်ကရနေရာများတွင် ဆီမီးပူဇော်ပွဲကျင်းပကြရာ လွတ်လပ်ရေးဆုတောင်းပြည့်စေတီနှင့် ရန်ပြေမာန်ပြေ နိုင်ငံအေးအောင်တော်မူ ခတ်ပေါင်းစုဆုတောင်းပြည့်စေတီတော်တွင် ကျင်းပသည့် ဆီမီး ၁၀၀၀ ပူဇော်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျင်မွှာလ်ရပ်ကွက် လွတ်လပ်ရေးဆုတောင်းပြည့်စေတီ၌ ကျင်းပသည့် ဆီမီးပူဇော်ပွဲသို့သွားရောက်ပြီး စတုဒိသာကျွေးမွေးခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်းများကို ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲသည်။

ဆက်လက်၍ ဗန်ကာအိုတောင်လမ်းရှိ ရန်ပြေမာန်ပြေ နိုင်ငံအေးအောင်တော်မူ ခတ်ပေါင်းစုဆုတောင်းပြည့်စေတီတော်တွင်ကျင်းပသည့် ဆီမီး ၁၀၀၀ ပူဇော်ပွဲသို့ ပါဝင်ဆင်နွှဲကာ ဆီမီး ၁၀၀၀ ပူဇော်ခြင်း၊ မီးပုံးပျံငယ်များ လွှတ်တင်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းများကို ပြည်သူများနှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ဖလမ်းမြို့ကို တပ်မတော်မှ ၂၀၂၆ ခုနှစ် ဧပြီလတွင် အကြမ်းဖက်သောင်းကျန်းသူများလက်မှ အလုံးစုံပြန်လည်ထိန်းချုပ်ပြီးနောက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဒုတိယဝန်ကြီးများ ဦးဆောင်ကာ ဖလမ်းမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိရာတွင် ယခုအခါပြည်သူများ၏ စိတ်လုံခြုံမှုရရှိစေရန်နှင့် စိတ်အပန်းပြေစေရန် ဘာသာရေးနှင့်ရိုးရာပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ





၁



၂

**နေပြည်တော် အောက်တိုဘာ ၂၇**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ညွှန်ကြားမှုဖြင့် ဗီယက်နမ်နိုင်ငံသို့ အောက်တိုဘာ ၂၀ ရက်မှစတင်၍လေ့လာရေးသွားရောက်ခဲ့ကြသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီးကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့နံနက် ၁ နာရီ ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူမိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါမျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ရောက်ရှိနေစဉ် အောက်တိုဘာ ၂၁ ရက်တွင် Viettel Academy ကိုလည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် FPT Software Center ၊ Viettel Global ရုံးချုပ်၊ Viettel Telecom နှင့် Viettel Post အားလည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဟိုချီမင်း၏ဂူဗိမာန်၊ One Pillar Pagoda အားလည်းကောင်း၊ ပထမဆုံး ရှေးဟောင်းတက္ကသိုလ်၊ Hoan Kiem ကန်ပတ်ဝန်းကျင်တွင် လမ်းလျှောက် လေ့လာခဲ့သည့်အပြင် ကမ္ဘာလှည့်ခရီးသွားများအကြား ထင်ရှားရေပန်းစားသော Hanoi Train Street အားလည်းကောင်း၊ Hoa Lo အကျဉ်းထောင်ဟောင်းတို့ကို လည်းကောင်း လေ့လာလည်ပတ်ခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၂၄ ရက်တွင် ဟွာလူး(Hoa Lu)မြို့ (၁၁) ရာစုခေတ်က Dnih နှင့် Le မင်းဆက်တို့၏ ရှေးဟောင်းမြို့တော် UNESCO မှ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံထားသော Trang An (ထရန်အန်း) ရှိ ထုံးကျောက်တောင်များ၊ ရေကန်နှင့် လိုဏ်ဂူများ၊ စိမ်းလန်းစိုပြည်သော သဘာဝရှုခင်းနေရာများအား သွားရောက်လည်ပတ်ခဲ့ကြကြောင်းနှင့် အောက်တိုဘာ ၂၅ ရက်တွင် ကမ္ဘာကျော် Halong Bay (UNESCO ကမ္ဘာ့အမွေအနှစ်နေရာများ)အား လေ့လာလည်ပတ်ခဲ့ ကြသည်။

လေ့လာရေးခရီးသွားရောက်ခဲ့သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ၏ ရင်တွင်းစကားသံများကိုလည်း ယခုလို ကြားသိရပါသည်-

၁။ ဒီသဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီးတော့ လှပတဲ့နေရာတွေကိုလည်း ကျွန်မတို့လေ့လာခဲ့ရပါတယ်။ အဲဒီမှာ သူတို့တွေ သဘာဝပတ်ဝန်းကျင်ကို ဘယ်လိုထိန်းသိမ်းထားနိုင်လဲ၊ အဲဒါပြီးသွားလို့ရှိရင် ဘယ်လိုလှအောင်ပြုလုပ်ထားပြီးတော့ ကမ္ဘာတစ်ဝန်း ခရီးသွားတွေကို ဘယ်လိုမျိုး ဆွဲဆောင်ထားနိုင်လဲဆိုတာကိုလည်း ကျွန်မတို့တွေ့ရှိခဲ့ရပါတယ်။ ကျွန်မအနေနဲ့ ဒီ Viettel Academy ၊ Viettel Global အစရှိတဲ့ သူတို့ရဲ့ နည်းပညာ တော်တော်လေးကို တိုးတက်နေတဲ့၊ တိုးတက်အောင် စွမ်းဆောင်နေတဲ့ ကုမ္ပဏီကြီးကို လေ့လာတဲ့အခါမှာ သူတို့ကနိုင်ငံတော်ကို တစ်ဖက်တစ်လမ်းကနေပြီးတော့ ဒီနည်းပညာပိုင်းကနေ လူငယ်တွေအတွက်ရော အခွင့်အလမ်းတွေအတွက်ပါ သူတို့ အများကြီးအထောက်အပံ့ပေးနေတာကို တွေ့ရပါတယ်။ ဒီလို ကုမ္ပဏီကြီးတစ်ခုမှာ သူတို့ရဲ့ အကြောင်းတွေကို လေ့လာရင်းနဲ့ သူတို့မေးတဲ့မေးခွန်းလေးတွေကို ဖြေဆိုပြီးတော့ သူတို့ပေးတဲ့ အမှတ်တရလက်ဆောင်လေးရရှိခဲ့တဲ့အတွက် ကျွန်မကလည်း အတိုင်းမသိ ဝမ်းသာပါတယ်။ မဖြေဆိုခင်မှာ ကျွန်မကို သူတို့ ကုမ္ပဏီအကြောင်း ဗီဒီယိုကလစ်လေးတစ်ခုပြတယ်။ အဲဒါပြီးသွားလို့ရှိရင် သူတို့ ဥပမာ ၅ မိနစ်ဆိုရင် ၅ မိနစ်အတွင်းမှာ အချက်အလက်လေးတွေကို မှတ်သားရပါတယ်။ အဲဒါအပြင် Kahoot ဆိုတဲ့ အက်ပလီကေးရှင်းကနေပြီးတော့ ကျွန်မတို့တွေ လေ့လာတဲ့ ကျောင်းသားကျောင်းသူတွေက ကိုယ့်ရဲ့နာမည်နဲ့ ကာရိုက်တာလေးတွေကို ထည့်ပြီးတော့ ကျွန်မတို့မေးခွန်းတစ်ခုချင်းစီကို ဖြေဆိုရပါတယ်။ မေးခွန်းတစ်ခုအတွက် သူက choice လေးတွေ ပေးထားတယ်။ အဲဒီ choice လေးတွေထဲကနေမှ ရွေးပြီးတော့ တစ်ခါဖြေပြီးသွားရင် အမှတ်အများဆုံးက ဘယ်သူလဲဆိုပြီးတော့ မေးခွန်းတစ်ခါဖြေတိုင်း အဲလိုမျိုး စာရင်းလေးပေါ်လာပါတယ်။ အဲဒါဆိုတော့ သူငယ်ချင်းအချင်းချင်းလည်း ကိုယ်က သူ့ထက် အမှတ်သာချင်တယ်ဆိုတော့ အပြိုင်အဆိုင်နဲ့ အဲဒီ ဗီဒီယိုကလစ်လေးကို သေချာလေး ကြည့်ရှုပြီး မှတ်သားပြီးတော့ ဖြေဆိုခဲ့ရပါတယ်။ အလွန်လည်း ပျော်ရွှင်စရာ ကောင်းခဲ့ပါတယ်။ ကျွန်မတို့ အခုလို လေ့လာခဲ့တဲ့အခါမှာ သူတို့ရဲ့တိုးတက်နေတဲ့ နည်းပညာတွေကိုလည်း အတုယူရပါတယ်။ အဲဒါပြီးတော့ သူတို့ရဲ့နိုင်ငံကို ဘယ်လိုမျိုး လုပအောင်လုပ်ပြီးတော့ သူတို့နိုင်ငံရဲ့နိုင်ငံသားတွေအတွက် စီးပွားရေးအခွင့်အလမ်းတွေ လုပ်ကိုင်ခွင့်တွေအတွက်လည်း သူတို့အများကြီး စွမ်းဆောင်နေတာကို ကျွန်မတို့ တွေ့ရှိခဲ့ရပါတယ်။ ကျွန်မတို့တွေက တက္ကသိုလ်ဝင်တန်းမှာ တစ်နှစ်လုံး ပင်ပင်ပန်းပန်းနဲ့ ကြိုးစားခဲ့ရတယ်။ ပြီးတော့အခုလို အောင်မြင်မှုတွေ ရရှိခဲ့တယ်။ အောင်မြင်မှုတွေရရှိခဲ့တဲ့ အပေါ်မှာ ကျွန်မတို့ကို ဂုဏ်ပြုပေးတဲ့ အနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကြီးက ပြည်ပလေ့လာရေးခရီးစဉ်ကို စေလွှတ်ပေးခဲ့ပါတယ်။ အဲဒီအတွက်လည်း ကျွန်မတို့က အသိပညာ၊ ဗဟုသုတတွေ၊ အတွေ့အကြုံတွေလည်း အများကြီးရခဲ့ပါတယ်။ အဲဒါတွေကို ကောင်းကောင်းအသုံးချပြီးတော့ ကျွန်မတို့နိုင်ငံကြီးကိုလည်း ပိုပြီးတိုးတက်အောင်၊ ကြီးပွားအောင် ကျွန်မတို့ဘက်ကလည်း စွမ်းဆောင်သွားမှာပါ။

၂။ အခုကျွန်မတို့ ဗီယက်နမ်နိုင်ငံ သွားခဲ့တာကတော့ အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ လေ့လာရေးခရီးစဉ် သွားခဲ့တာဖြစ်ပါတယ်။ ခြောက်ညအိပ် ခုနစ်ရက်အတွင်းမှာ ကျွန်မတို့ ဗီယက်နမ်နိုင်ငံရဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေ အကြောင်းကိုလည်း လေ့လာခဲ့ရတယ်။ ပြီးတော့ ဗီယက်နမ်နိုင်ငံရဲ့ တိုးတက်ပြောင်းလဲမှုတွေ၊ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက် ပြောင်းလဲမှုတွေနဲ့ နောက်ဆုံး Viettel ကုမ္ပဏီပေါ့၊ Viettel ကုမ္ပဏီနဲ့ FPT ကုမ္ပဏီတို့ရဲ့ တိုးတက်ပြောင်းလဲမှုတွေရယ်၊ သူတို့ရဲ့သမိုင်းကြောင်း အခြေအနေတွေကိုပါ ကျွန်မတို့ လေ့လာခဲ့ရပါတယ်။ ကျွန်မတို့ ၂၂ရက်နေ့ သွားတဲ့ခရီးစဉ်မှာဆိုရင် ဒီ Viettel ကုမ္ပဏီရဲ့ အကြောင်းကိုလေ့လာရတယ်။ အဲဒီ Viettel ကုမ္ပဏီမှာဆိုရင် သူကသူ့ရဲ့ ဗိသုကာမြောက်တဲ့ အဆောက်အအုံတွေလည်းရှိတယ်။ ပြီးတော့ ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲနေတဲ့ နည်းပညာအမျိုးအစား အမျိုးမျိုးလည်းရှိတယ်။ အဲဒီအကြောင်းတွေကိုလည်း ကျွန်မတို့ လေ့လာခဲ့ရတယ်။ ပြီးတော့ သူတို့က ဒီမတိုင်ခင်မှာ သူတို့ရဲ့ အကြောင်းကို ရိုက်ကူးထားတဲ့ Short Film တစ်ခုလည်းပြတယ်။ Short Film တစ်ခုအကြောင်းနဲ့ ပတ်သက်ပြီးတော့ သူနဲ့ဆက်စပ်တဲ့ အကြောင်းအရာတွေကို မေးမြန်းတဲ့ ဂိမ်းကစားနည်းတစ်ခုလည်း ပြုလုပ်ခဲ့ပါသေးတယ်။ ကျွန်မကတော့ အဲဒီဂိမ်းကစားနည်းမှာ ပထမရရှိခဲ့တဲ့ ဆုရှင်ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ သူငယ်ချင်းနဲ့အတူ ပျော်ပျော်ပါးပါးကစားရင်းနဲ့ ရရှိခဲ့တဲ့ ဆုဖြစ်တာဖြစ်တဲ့အတွက် အမှတ်တရကောင်း များစွာကိုလည်း ဖန်တီးပေးနိုင်သလို ကျွန်မက ဘဝတစ်ဆစ်ချိုး အမှတ်တရတစ်ခုဖြစ်တဲ့ Grade- 12 စာမေးပွဲပြီးဆုံးပြီးနောက်မှာ ရရှိတဲ့ နောက်ထပ် ထပ်ဆောင်းဆုတစ်ခုဖြစ်တာကြောင့် အမှတ်တရဖြစ်တဲ့အပြင် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

**သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ



နေပြည်တော် အောက်တိုဘာ ၂၇

ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်း တာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာ သိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကိုမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-







၁။ မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ) က အရင်တုန်းက အသုံးပြုခဲ့တဲ့ လေယာဉ်ပျံတွေ၊ သင်္ဘောတွေ၊ စတင်ဖွဲ့စည်းခဲ့တဲ့ ခုနှစ်တွေနဲ့ စက်ပစ္စည်း အစိတ်အပိုင်းတွေ မသိခဲ့တာတွေ အများကြီး သိခဲ့ရပါတယ်။ တာဝန်ရှိသူတွေကလည်း အများကြီး ရှင်းပြတဲ့အတွက်ကြောင့် မသိတာတွေ အများကြီး သိလိုက်ရတယ်။ တခြားမောင်ငယ်၊ ညီမငယ်တွေကိုလည်း ပြန်ပြောနိုင်လောက်အောင် အသိအမြင်အများကြီး ရလိုက်ပါတယ်။ မမြင်ဘူးတာတွေ၊ မသိခဲ့တဲ့သမိုင်းတွေကိုလည်း သေသေချာချာ ရှင်းပြတဲ့အတွက်ကြောင့် အကုန်လုံးကို သိလိုက်ရပါတယ်။

၂။ စစ်သမိုင်း ပြတိုက်ကို ဘာကြောင့် လေ့လာရသလဲဆိုတော့ ကျွန်တော်တို့နေနေတာ မြန်မာနိုင်ငံဆိုတော့ မြန်မာနိုင်ငံရဲ့ အကြောင်းအရာတွေ၊ ပြီးတော့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေရဲ့ စစ်ပညာတွေလေ့လာရတဲ့အတွက်ကြောင့် နောင်ကျရင် လေတပ်မှာ ပါဝင်ချင်လည်းရတယ်၊ ကြည်းတပ်မှာပါဝင်ချင်ရင်လည်း ပါဝင်လို့ရတဲ့ အခွင့်အရေးအလားအလာတွေကို သိရှိခွင့်ရတယ်။ အဲဒါကြောင့် အများကြီး ဝမ်းသာမိပါတယ်။ ပြီးတော့ ကိုယ်နေတဲ့ မြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ ဘုရင်တွေ၊ ဗိုလ်ချုပ်တွေ၊ ဗိုလ်ကြီးတွေရဲ့ အကြောင်းအရာတွေကို လေ့လာရတဲ့အတွက်ကြောင့်လည်း စာတွေမှာ သာမက အပြင်ပတ်ဝန်းကျင် ဗဟုသုတတွေရရှိတဲ့အတွက်ကြောင့်လည်း ဝမ်းသာမိပါတယ်။ နောက်ပြီး ကျောင်းသား ကျောင်းသူတွေလည်း လာခဲ့ပါလို့ လိုက်ရှင်းပြတဲ့ ဗိုလ်ကြီးတွေကအစ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်၊ စည်းစည်းလုံးလုံးနဲ့ ကျွန်တော်တို့ သိချင်တာ အကုန်လုံးကိုလည်း ရှင်းပြပေးတယ်။ အဲဒီလို ရှင်းပြပေးတဲ့ အတွက်ကြောင့်လည်း ကျွန်တော်တို့ သိချင်တာတွေ သိရှိခဲ့ရတယ်။ အဲဒါကြောင့် လူငယ်ဘဝမှာ လိုအပ်တဲ့ ဗဟုသုတတွေလည်း ရရှိတာဖြစ်တဲ့ အတွက်ကြောင့် လာခဲ့ပါလို့ ကျောင်းသား ကျောင်းသူတွေကို ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**



# KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များက သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့၌ ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာတွင် အေးချမ်းစွာကုသိုလ်ပြုနေသည့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူများအား ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူ ငါးဦး ဖုံးစထိမှန်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ကယားပြည်နယ်ရှိ ပြည်သူများ အနေဖြင့် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက် သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့၌ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီး ကျောင်းများနှင့် အပန်းဖြေနေရာများ၌ ကောင်းမှု ကုသိုလ်ပြုလုပ်ခြင်း၊ အပန်းဖြေ လည်ပတ်ခြင်းများ ပြုလုပ်လျက်ရှိစဉ် KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်း အဖွဲ့များက ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အေးချမ်းစွာကုသိုလ်ယူနေသည့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူငါးဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဗုဒ္ဓဘာသာဝင်များ၏ ၁၂ လ ရာသီပွဲတော်များထဲမှ အထူးခြားဆုံးဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ ဖြစ်သော အောက်တိုဘာလ ၂၆ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ခန့်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများသည် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိစဉ် KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်း အဖွဲ့များက လွိုင်ကော်မြို့ လယ်ထွဲကျေးရွာ၏ အရှေ့ဘက် မီတာ ၅၅၀၀ ခန့်အကွာမှနေ၍ ရှော့တိုက်ဒုံးများဖြင့် ကျေးရွာအတွင်းသို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်းဝင်းအနီးနှင့် လူနေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အေးချမ်းစွာ




KNPP/KNDF/PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

ကုသိုလ်ပြုနေသည့် အပြစ်မဲ့ ဒေသခံ တိုင်းရင်းသားပြည်သူ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့၌ ဖုံးသီးစ ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့ရှိ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ နေ့ထူးနေ့မြတ်များ၌ ဖျက်ဆီးလိုသော ရည်ရွယ်ချက်အပြင် စစ်ရေးနှင့် မသက်ဆိုင်သည့် လူစည်ကားရာနေရာသို့ အများပြည်သူများအား အစုလိုက်အပြုံလိုက် သေကျေဒဏ်ရာ ရရှိစေခြင်းအလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများ၏ ယုတ်မာရိုင်းစိုင်းပြီး လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များအား ဒေသခံတိုင်းရင်းသားပြည်သူများက ရှုံ့ချမုန်းတီးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ KNPP/ KNDF နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ KNPP / KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ဒဏ်ရာရရှိခဲ့ပုံ။

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံ ပုံစံဆောင်ရွက်ခြင်းတို့ကို ယနေ့တွင်လည်း အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးကြသည်။




ထို့အပြင် တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောက်တိုဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်တွင် တည်ထားကိုးကွယ်သော လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း အပြင်၌ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့်မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြပြီး လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

# ဘရာဇီးသမ္မတရွေးကောက်ပွဲရလဒ် လက်ယာယိမ်းပါတီ အသိအမှတ်ပြု

**ဘရာဇီးလီးယား အောက်တိုဘာ ၂၇**

ဘရာဇီးနိုင်ငံရှိ လက်ယာယိမ်း လစ်ဘရယ်ပါတီ (PL) သည် ၎င်းတို့ပါတီမှ သမ္မတလောင်း အထက်လွှတ်တော်အမတ် ဖလာဗီယို ဘော်လ်ဆိုနာရိုရှုံးနိမ့်ခဲ့သည့် သမ္မတရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုကြောင်း ကြေညာခဲ့သည်။ သို့သော် ဘော်လ်ဆိုနာရိုကိုယ်တိုင်က ပြိုင်ဘက် လူးဝစ်အီနာစီယို လူလာဒါဆေးလ်ဗား၏ အနိုင်ရရှိမှုကို လက်မခံသေးဘဲ ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ပေးရန် ကြိုးပမ်းမည်ဟု ပြောကြားထားသည်။

ပါတီခေါင်းဆောင် ဗယ်လ်ဒီမာ ကော်စတာနက်တိုက အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သော ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုကြောင်း ဖော်ပြခဲ့သည်။ သို့သော် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် မေးခွန်းများကို ဆက်လက်ရှင်းလင်းရန် လိုအပ်ကြောင်းလည်း ပါတီက ပြောကြားခဲ့သည်။

ဘော်လ်ဆိုနာရို၏ခြေလှမ်းများကို စောင့်ကြည့်လျက်ရှိကြပြီး ၎င်းက ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ပေးရန် တောင်းဆိုသွားမည်ဟု ပြောကြားသည်။ တစ်ဖက်တွင် လူလာ၏အနိုင်ရရှိမှုနှင့်ပတ်သက်၍ အစိုးရအသုံးစရိတ်များ တိုးမြှင့်သုံးစွဲခဲ့မှုအပေါ် မေးခွန်းထုတ်မှုများလည်း ရှိနေသည်။




လူလာ၏အနိုင်ရရှိမှုသည် ရွေးကောက်ပွဲမတိုင်မီ ကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်းများ၏ ခန့်မှန်းချက်များနှင့် ကွဲလွဲခဲ့ပြီး ဘရာဇီးနိုင်ငံ၏ ငွေကြေးဈေးကွက်အပေါ်လည်း ချက်ချင်းသက်ရောက်မှု ရှိလာခဲ့သည်။ လူလာ၏လက်ဝဲယိမ်းအစိုးရလက်ထက်တွင် အစိုးရအသုံးစရိတ်များမြင့်တက်လာပြီး နိုင်ငံ၏ဘဏ္ဍာရေးအခြေအနေ ပိုမိုဆိုးရွားလာနိုင်သည်ဟူသော စိုးရိမ်မှုများကြောင့် ဘရာဇီးနိုင်ငံသုံး ရီးယဲလ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာ၌ လေကြောင်းဘေးကင်းလုံခြုံရေး တောရိုင်းတိရစ္ဆာန်အန္တရာယ်စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းမည်

**ကိုလံဘို အောက်တိုဘာ ၂၇**

သီရိလင်္ကာအစိုးရသည် လေယာဉ်ပျံသန်းမှုလုပ်ငန်းများအပေါ် တောရိုင်းတိရစ္ဆာန်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို လျှော့ချရန် အမျိုးသားအဆင့်ကော်မတီတစ်ရပ် ဖွဲ့စည်းရေးကို အောက်တိုဘာ ၂၇ ရက်တွင် အတည်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါကော်မတီကို လေကြောင်းဘေးကင်းလုံခြုံရေးဆိုင်ရာ အမျိုးသားတောရိုင်းတိရစ္ဆာန်အန္တရာယ်စီမံခန့်ခွဲရေးကော်မတီအဖြစ် ဖွဲ့စည်းမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ လေဆိပ်များအတွင်းနှင့် အနီးဝန်းကျင်တွင် တောရိုင်းတိရစ္ဆာန်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကိုစောင့်ကြည့်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အတွက် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ညှိနှိုင်းပေးသွားမည်ဖြစ်သည်။

ကော်မတီဖွဲ့စည်းရန် အဆိုပြုချက်ကို ဆိပ်ကမ်းနှင့် မြို့ပြလေကြောင်းဆိုင်ရာဝန်ကြီးက တင်သွင်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖူးခက်ကျွန်း၌ ရေကြီးမှုကြောင့် ခရီးသွားနေရာများတွင် ရွှံ့ညွန်များ ဖုံးလွှမ်း




**ဘန်ကောက် အောက်တိုဘာ ၂၇**

ထိုင်းနိုင်ငံ၏ လူကြိုက်များသော ခရီးသွားဒေသတစ်ခုဖြစ်သည့် ဖူးခက်ကျွန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးမှုဖြစ်ပွားခဲ့ပြီး ခရီးသွားများ အများဆုံးသွားလာရာလမ်းများတွင် ရွှံ့ညွန်များဖုံးလွှမ်းကျန်ရစ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် မိုးသည်းထန်စွာ ထပ်မံရွာသွန်းနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်သော်လည်း လမ်းများပေါ်တွင် ထူထပ်သော ရွှံ့ညွန်များ ကျန်ရှိနေသဖြင့် သက်ဆိုင်ရာအဖွဲ့များက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရွှံ့ညွန်များနှင့် အပျက်အစီးများသည် ဘားများ၊ စားသောက်ဆိုင်များနှင့် ဈေးဆိုင်များအပါအဝင် စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေခဲ့သည်။

ဖူးခက်ပြည်နယ်ရှိ ခရိုင်သုံးခုတွင် ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုင်းဝန်ကြီးချုပ် အနုထင် ချာဝီရကွန်က ရေကြီးမှုအပြီး ပြန်လည်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအားလုံးကို ဝန်ထမ်းများနှင့် စက်ယန္တရားကြီးများစေလွှတ်ပေးရန် တိုက်တွန်းခဲ့သည်။

ရေကြီးမှုကြောင့် လူသေဆုံးမှုမရှိခဲ့ဘဲ အောက်တိုဘာ ၂၆ ရက်တွင် ရေများပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ သို့သော် ထိုင်းနိုင်ငံတောင်ပိုင်း ဒေသများတွင် အောက်တိုဘာ ၂၈ ရက်အထိ မိုးရွာသွန်းနိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက ခန့်မှန်းထားသည်။

အဆိုပါဒေသတွင် ယမန်နှစ်နိုဝင်ဘာလကလည်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# ဟက်ကာများက GMO ကုမ္ပဏီဖောက်သည်များ၏ ကိုယ်ရေးအချက်အလက်များကို ထုတ်ပြန်

**တိုကျို အောက်တိုဘာ ၂၇**

ဂျပန်နိုင်ငံအခြေစိုက် GMO Internet Group က အမေရိကန်ဒေါ်လာ တစ်သန်းတန်ဖိုးရှိ ပြန်ပေးငွေပေးရန် ဟက်ကာအဖွဲ့က သတ်မှတ်ထားသည့် နောက်ဆုံးရက်ကို ကျော်လွန်သွားပြီးနောက် အဆိုပါအဖွဲ့သည် ဖောက်သည်များ၏ ကိုယ်ရေးအချက်အလက်များဟု ဆိုထားသည့် အချက်အလက်များကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

GMO ကုမ္ပဏီသည် ၎င်း၏ငွေကြေးရောင်းဝယ်ရေးလုပ်ငန်းများတွင် အဓိကအသုံးပြုသည့် Cloud ဆာဗာများကို ပြီးခဲ့သည့်သီတင်းပတ်က ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်တိုက်ခိုက်ခံခဲ့ရသည်။ ထို့ပြင် ဖောက်သည်အချို့၏ အကောင့်များတွင်လည်း တရားမဝင်ငွေကြေးလွှဲပြောင်းမှုများ ဖြစ်ပွားခဲ့ကြောင်း ကုမ္ပဏီက ထုတ်ဖော်ပြောကြားထားသည်။

ဟက်ကာအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် ဂျပန်စံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးသတ်မှတ်ချိန်အဖြစ် သတ်မှတ်ကာ ပြန်ပေးငွေပေးရန် GMO ကုမ္ပဏီကို တောင်းဆိုခဲ့သည်။ တောင်းဆိုထားသည့် ငွေကြေးကို ပေးဖို့ခြင်းမရှိပါက ဖောက်သည်များ၏ ကိုယ်ရေးအချက်အလက်များကို နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ထုတ်ပြန်သွားမည်ဟုလည်း ခြိမ်းခြောက်ထားသည်။

GMO ကုမ္ပဏီကမူ ဟက်ကာအဖွဲ့၏ ငွေကြေးတောင်းဆိုမှုကို လိုက်လျောမည်မဟုတ်ကြောင်း ပြောကြားထားပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာအာဏာပိုင်များ ပူးပေါင်းကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# Microsoft က နိုင်ငံလေးနိုင်ငံရှိ ဝန်ထမ်းများအတွက် ဆန္ဒအလျောက် အလုပ်မှထွက်ခွာရေးအစီအစဉ် ကမ်းလှမ်း

**ဝါရှင်တန် အောက်တိုဘာ ၂၇**

အမေရိကန် နည်းပညာကုမ္ပဏီကြီး Microsoft သည် အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နှင့် အိန္ဒိယနိုင်ငံတို့ရှိ အကျုံးဝင်သည့် ဝန်ထမ်းများအတွက် ဆန္ဒအလျောက် အလုပ်မှ ထွက်ခွာနိုင်ရန် ငွေကြေးထောက်ပံ့မှုပါဝင်သည့် အစီအစဉ်တစ်ရပ်ကို ကမ်းလှမ်းလိုက်ကြောင်း သိရသည်။




Microsoft သည် အဆိုပါအစီအစဉ်ကို အောက်တိုဘာ ၂၆ ရက်တွင် ကြေညာခဲ့သော်လည်း အစီအစဉ်တွင် အကျုံးဝင်မည့် ဝန်ထမ်းအရေအတွက်ကို တရားဝင် ထုတ်ပြန်ခြင်းမရှိပေ။ သို့သော် Bloomberg သတင်းဌာန၏ ဖော်ပြချက်အရ ဝန်ထမ်း ၆၀၀၀ ခန့်သည် အစီအစဉ်တွင် ပါဝင်ခွင့်ရရှိနိုင်ပြီး ယင်းပမာဏသည် ကုမ္ပဏီ၏ ကမ္ဘာတစ်ဝန်းရှိ ဝန်ထမ်း စုစုပေါင်း၏ လေးပုံတစ်ပုံကျော်ခန့်ရှိကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို သတ်မှတ်ထားသည့် လုပ်ငန်းဌာနများမှ အဆင့် ၇၀ နှင့်အောက်ရှိ ဝန်ထမ်းများအတွက် ကမ်းလှမ်းထားခြင်း ဖြစ်သည်။ Xbox ဂိမ်းလုပ်ငန်း၊ Windows လည်ပတ်မှုစနစ်နှင့် Copilot အပါအဝင် လုပ်ငန်းကဏ္ဍအချို့မှ ဝန်ထမ်းများ ပါဝင်ခွင့်ရရှိနိုင်ကြောင်း သတင်းများက ဖော်ပြသည်။ သို့သော် ဒေတာစင်တာ၊ အရောင်း၊ ဈေးကွက်မြှင့်တင်ရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းအချို့မှာ အစီအစဉ်တွင် အကျုံးဝင်မည်မဟုတ်ကြောင်း သိရသည်။

Microsoft သည် ယခုနှစ်အတွင်း ဝန်ထမ်းများအတွက် ဆန္ဒအလျောက် အငြိမ်းစားယူရေးအစီအစဉ်ကိုလည်း အကောင်အထည်ဖော်ခဲ့သည်။

ယခုအစီအစဉ်သည် ကုန်ကျစရိတ်များ လျှော့ချရန်နှင့် ဉာဏ်ရည်တုနည်းပညာ(AI)ခေတ်နှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံကို ပြန်လည်ပြင်ဆင်ရန် ကုမ္ပဏီ၏ ကြိုးပမ်းမှုတစ်ရပ် ဖြစ်ကြောင်း Bloomberg သတင်းဌာနက ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်တို့ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူ

ဂျပန်ဝန်ကြီးချုပ် တာကာအိချီ ဆာနာအဲနှင့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် တာရစ်ရာမန်တို့သည် အောက်တိုဘာ ၂၇ ရက်တွင် တိုကျိုမြို့ရှိ ဂျပန်ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး စီးပွားရေး၊ လုံခြုံရေးနှင့် အခြားကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးသည် စီးပွားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

### ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါ အတည်ပြုလူနာ ၁၀၀၀၀ ကျော်ရှိလာ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) တွင် မေလက စတင်ဖြစ်ပွားခဲ့သည့် အီဘိုလာရောဂါ ကူးစက်မှုကြောင့် အတည်ပြုလူနာအရေအတွက် ၁၀၀၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း နိုင်ငံ၏ ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အောက်တိုဘာ ၂၅ ရက်အထိ အီဘိုလာရောဂါကူးစက်ခံရကြောင်း အတည်ပြုထားသူ စုစုပေါင်း ၁၀၀၆၀ ရှိပြီး ယင်းတို့အနက် ၄၈၈၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ သေဆုံးမှုနှုန်းမှာ ၄၈ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေး အာဏာပိုင်များက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

### ဗီယက်နမ်နိုင်ငံရှိ လေဆိပ်များမှတစ်ဆင့် ခရီးသည် သန်း ၁၁၀ ကျော် သွားလာခဲ့

ဗီယက်နမ်နိုင်ငံရှိ လေဆိပ်များမှတစ်ဆင့် ၂၀၂၆ ခုနှစ် ပထမ ၁၀ လအတွင်း ခရီးသည် သန်း ၁၁၀ ကျော် သွားလာခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၁၀ ရာခိုင်နှုန်းကျော် တိုးတက်လာကြောင်း ဗီယက်နမ်သတင်းအေဂျင်စီ (VNA) က အောက်တိုဘာ ၂၇ ရက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဆောင်းရာသီကာလ ယေဘုယျ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ခုနစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး လေးကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှ အပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းလေ့ရှိပြီး ကမ်းရိုးတန်းဒေသများ၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများတို့တွင် ပိုမိုထူထပ်စွာ မြူထူဆိုင်းတတ်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ငါးပေမှ ခုနစ်ပေခွဲခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၂ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ငါးပေမှ ရှစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၉ ပေမှ ၁၁ ပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခွဲခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ရှစ်ပေမှ ကိုးပေခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ခြောက်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခုနစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ခြောက်ပေမှ ကိုးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးပေခွဲမှ လေးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ရှစ်ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် လေးပေခွဲခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခွဲခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

## ၂၀၂၆ ခုနှစ် နိုဝင်ဘာလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ် နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ခုနစ်ရက်မှ ၁၂ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ငါးရက်မှ ၁၀ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခြောက်ပေခွဲမှ ရှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် သုံးပေမှ လေးပေခွဲခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် လေးပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်း မြို့တွင် နှစ်ပေခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

**မိုး/ဇလ**

## ဖျာပုံမြို့နယ်၌ အယ်လ်နီညိုကာလ ရေပြတ်လပ်နိုင်သည့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**ဖျာပုံ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောင်းကုန်းကျေးရွာ၊ မျက်ခါးကျေးရွာနှင့် ကညင်တပင်ကျေးရွာတို့တွင် အယ်လ်နီညိုကာလ သောက်သုံးရေရှားပါးပြတ်လပ်နိုင်မှုနှင့် သောက်သုံးရေများ စနစ်တကျ သိုလှောင်သုံးစွဲမှုအခြေအနေကို ခရိုင်ကျေးလက်ဦးစီးမှူး ဦးထက်အောင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်မြတ်နှင့် အဖွဲ့များက အောက်တိုဘာလ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးရာ သောက်သုံး ရေပြတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှုအခြေအနေများ၊ ဌာနမှဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှုအခြေအနေများကို



ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများ ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းသုံးစွဲရန် ဆွေးနွေးပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများ၏ တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## စလင်းမြို့နယ်၌ ပထမအကြိမ် မြန်မာ့ရိုးရာ မီးပုံးပျံလွှတ်တင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



စလင်း အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ စုပေါင်းကျင်းပသော သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ပထမအကြိမ်ကျင်းပပြုလုပ်သည့် မီးပုံးပျံလွှတ်တင်ပွဲနှင့် ကောင်းကင်မီးပုံးပျံ ပူဇော်ပွဲကို ပေါင်းနားရပ်ကွက် မင်းအာကာဘုရားဝင်းအတွင်း ယမန်နေ့ညပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်များနှင့် အလှူရှင်များက စုပေါင်းပူဇော်ကြသည့် စိန်နားပန်မီးပုံးပျံကြီး တစ်လုံးနှင့် မီးပုံးပျံအသေးအလုံးရေ ၁၀၀ တို့ကို သတ်မှတ်အစီအစဉ်အလိုက် ကောင်းကင်ယံသို့ အလှည့်ကျ လွှတ်တင်ပွဲဆင်နွှဲခဲ့ကြရာ ကောင်းကင်ယံထက်တွင် ရောင်စုံမီးပုံးပျံများဖြင့် လှပတင့်တယ်စွာ ပူဇော်နိုင်ခဲ့သည်။

အဆိုပါ မီးပုံးပျံလွှတ်တင်ပွဲတွင် ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်နှင့် သီတင်းကျွတ် မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲနိုင်ကြစေရန် ဝက်သိုက်ကျေးရွာ ပေါက်ကျော်မအဖွဲ့၊ ကုလားမအက၊ ဦးရွှေရိုးနှင့်ဒေါ်မိုး အကအလှများ၊ ရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကျင်းပခဲ့ရာ လာရောက်ကြည့်ရှုအားပေးကြသည့် ဒေသခံပြည်သူများ၊ ရပ်ဝေးမှ ဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မောင်လွင်(စလင်း)

## လယ်ဝေးမြို့နယ်၌ မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားရေး ဆောင်ရွက်



လယ်ဝေး အောက်တိုဘာ ၂၇

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်အောင် ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် ရပ်ကွက်အတွင်းရှိ နေအိမ်နှင့် လုပ်ငန်းများသို့ အောက်တိုဘာ ၂၄ ရက်က တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မီးချိတ်၊ မီးကပ်၊ ရေ၊ သဲ၊ လှေကားနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာဆောင်ရွက်ထားရှိကြရန်၊ 191 report application ထည့်သွင်းအသုံးပြုရန်တို့ကို အသိပညာပေးပြောကြားပြီး မီးသတ်ယာဉ် ဝင်ထွက်သွားလာမည့်လမ်းများ ကောင်းမွန်မှု ရှိ မရှိ တို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မင်းကင်းမြို့၌ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးပြုလုပ်



မင်းကင်း အောက်တိုဘာ ၂၇

(၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်း၍ အမှတ်(၁) ရပ်ကွက်၌ တည်ထားကိုးကွယ်တော်မူသော ရွှေဘုံသာကျောက်စာ ဓမ္မစေတီတော်မြတ်တွင် စုပေါင်းသန့်ရှင်းရေးနှင့် ထုံးသင်္ကန်းကပ်လှူခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဒေါ်ကျင်ငိုက်မန် (ပြန်/ဆက်)

## ကြို့ပင်ကောက်၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

ကြို့ပင်ကောက် အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို စက်တင်ဘာလ ပထမအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

ကျွန်းကုန်းကျေးရွာ ကျေးရွာတွင်းလမ်း အရှည် ၄၈၅ ပေရှိ နှစ်ဘီးသွား ကွန်ကရစ်ဘီးလမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၃၆ ဒသမ ၃ သိန်း ၊ စုစုပေါင်းငွေကျပ် ၁၈၆ ဒသမ ၃ သိန်းဖြင့် စက်တင်ဘာလ ပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင် ထံမှသိရှိရပြီး ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သန်းလွင်(မကွေး)

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

**ဆွေးသည် အသက်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ ကျောက်မဲမြို့၊ နောင်ပိန်ရွာ၊ နောင်ပိန်အုပ်စုနေ မဒီလီယာ(ခ)မငွန်လဲန်အီယာန် ၁၃/ကမန(နိုင်) ၁၉၀၅၁၀ ၏ မိခင် ဒေါ်ဇိန်ထလဲ့ဆုန်(ခ)ဒေါ်စိန်ထာလှေ့ဆုန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဇိန်ထလဲ့ဆုန်(ခ)
ဒေါ်စိန်ထာလှေ့ဆုန်း

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ရွာသာကုန်းအုပ်စုနေ မနမ့်ခင်ငြိမ်းချမ်း(ခ) နန့်ခင်ငြိမ်းချမ်း ၁၄/ကကန(နိုင်) ၁၈၅၆၉၉ ၏ မိခင် နန့်ဌေးဌေးလွင်(ခ) ဂွါဌေးဌေးလွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နန့်ဌေးဌေးလွင်(ခ)
ဂွါဌေးဌေးလွင်

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ သဲတောကျေးရွာနေ မနိုင်နိုင်မော် ၉/တတဥ(နိုင်) ၁၄၈၁၉၈ ၏မိခင် ဒေါ်သန်းဌေး(ခ) ဒေါ်သန်းသန်းဌေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်သန်းဌေး(ခ)
ဒေါ်သန်းသန်းဌေး

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ ပြည်သာယာရပ်ကွက်၊ အမှတ်(၂၃) လမ်းဟုခေါ်တွင်သော အရှေ့လားသော်-ဦးညွန့်ခင်၊ အနောက်လားသော်-ဦးကျော်ဆန်းဝင်း၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဦးရဲလွင် အလားလေးရပ်အတွင်းရှိ ဦးပိုင်အမှတ်-၁/၈၊$A_1$.18၊ ပေအကျယ် (၂၅x၇၅)ပေ၊ဧရိယာ(၀ဒသမ၀၄၃)ကေရှိ ပါမစ်မြေပေးမိန့်ရပိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၃x၅)ပင်သွပ်မိုး၊ (၂)ထပ်RC အဖီ ပါအဆောက်အအုံ(၁)လုံး အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း တာဝန်ယူကမ်းလှမ်းရောင်းချသူ ဦးကျော်ထွေး(၉/ပကခ(နိုင်) ၀၂၅၇၉၇] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်နွေး(၉/ပဘန(နိုင်)၁၁၃၈၉၃]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်သဘောတူညီသည့်အတွက်အရောင်းအဝယ်တန်ဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေ အဖြစ်ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူမည်သူမဆို ဤကြေညာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်နွေး ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများပြသ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်နွေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ရဲအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၃၀)
ပိတောက်မြိုင်လမ်း၊ ရွှေပြည်ရန်နိုင်ရပ်ကွက်၊ပျော်ဘွယ်မြို့

### ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ်(၂၇/ရွာသစ်)ကွင်း၊ မြေကွက်အမှတ်(၃၀၄/၃၅၉)၊ မြေဧရိယာ (၀ ဒသမ ၀၃၂) ကေအား မြေငှားဂရန်အမှတ်တွဲအမှတ်၊ ၈၁/ ၂၀၀၅-၂၀၀၆ အရ ဦးကျော်နိုင်လင်း+ဒေါ်ရီရီဝင်း တို့အမည်ဖြင့် ရရှိခဲ့ပြီး (၁၃-၁၀-၂၀၂၆)ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကျော်နိုင်လင်း ၆/မအရ(နိုင်)၀၀၂၂၃၅၊ ဒေါ်ရီရီဝင်း ၆/ထဝန(နိုင်)၀၆၈၇၀၆ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

### ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ် ၁၄-ခတ/ဆိပ်ငယ်ကွင်း၊ မြေကွက်အမှတ်(၅)၊ မြေဧရိယာ (၀ ဒသမ ၀၃၄) ကေအား မြေငှားဂရန်အမှတ်တွဲအမှတ်၊ ၆၆/ ၁၉၉၆-၁၉၉၇ အရ ဦးတင်မောင်+ဒေါ်ဥမ္မာစိုး တို့အမည်ဖြင့် ရရှိခဲ့ပြီး (၁၈-၉-၂၀၂၆)ရက်တွင် မြေငှားဂရန် သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးတင်မောင် ၆/မအရ(နိုင်)၀၃၁၀၅၅၊ ဒေါ်ဥမ္မာစိုး ၆/မအရ(နိုင်)၀၉၈၂၂၆ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဘိုးတော်ဘုရား၊ ဦးပိုင်အမှတ်(၁၈ᵃ)၊ ဧရိယာ(၀.၁၁၇)ကေရှိ ဦးသြဘာ(ဘ) ဦးအောင်ကြီး ၉/တကန(နိုင်)၀၄၄၀၈၀ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးဇော်လွင် (ဘ)ဦးသြဘာ ၉/ရမသ(နိုင်)၀၈၅၇၁၄ မှအမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေပုံ၊မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁/အလောင်းဘုရား၊ ဦးပိုင်အမှတ် (၁၀၂)၊ ဧရိယာ (၀.၀၉၆)ကေအနက်မှ ဧရိယာ (၀.၀၄၈)ကေအား ဒေါက်တာ ပီတာထွန်း၊ ဒေါ်မိုင်မာလာထွန်းသန်း(ဘ) ဦးလှထွန်း၊ ဦးဆလိုင်းထွန်းသန်း ၁၄/ပသန(နိုင်)၁၃၉၈၁၂၊ ၉/ပမန(နိုင်)၀၉၈၆၇၆ မှ တပ်ကုန်းမြို့နယ်မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၀၀၉/၂၀၂၆)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၁၄)လမ်း၊ မြေကွက်အမှတ်(၁၇၉ ၁/၂)၊ဒေါ်သန်းသန်းမြင့် အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ(၂၀x၆၀)အနက်မှ (ဂရန်မူရင်းခြမ်း) မြေအကျယ်ပေ(၁၀x၆၀) (လမ်းကြားနှင့်ကပ်လျက်ဘက်)ရှိမြေနှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော ရေ/မီး ပါသည့်နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးစည်သူလွင်(၁၂/ဥကမ(နိုင်)၂၃၀၈၃၁)မှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်စန္ဒာဝင်း(၁၂/ဥကမ(နိုင်)၂၈၇၃၇၁)မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာဝင်း၏ ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)
ရုံး-(ဃ/၃၀၄)၊ပထမထပ်၊ခေမာသီလမ်း၊မြောက်ဥက္ကလာပမြို့နယ်။ဖုန်း-၀၉ ၅၄၀၇၂၂၉




## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ်(၄၃/၄၄-ခ) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၃)၊ ဧရိယာ(ဝ. ဝ၂၈)ဧကရှိ ဦးမောင်မောင် (L/RGN-044325) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက် နှင့် မြေကွက်အမှတ်(၄၄-ခ) အကျယ်အဝန်း (၂၅ x ၅၀)ပေ အနက်မှ (၁၂ ပေခွဲ x ၅၀)ပေရှိ မြေကွက်အမှတ် (၄၃) ဘက်ခြမ်းရှိ ဒေါ်ကြည်ကြည်ဌေး(ခ)ဒေါ်ဌေးကြည် (၁၂/ဒပန(နိုင်)၀၁၈၄၀၁)နှင့် ဦးမောင်မောင်(L/RGN-044325) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်တို့အား ဦးအေးထွန်း (၁၂/မဂတ(နိုင်)၀၉၄၁၁၁) မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယျာလမ်း၊**
**(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း - ၀၉-၉၄၆၅၄၂၂၆၂၊ ၀၉-၄၂၁၁၂၄၈၀၇**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/58801 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/အင်တိုင်းသာမြောက်ရပ်)၊ ဦးပိုင်အမှတ်(၇၃)၊ မြေဧရိယာ(၀.၁၃၇) ဧကရှိ အစိုးရ မြို့မြေကွက်အား မြေဧရိယာ(၀.၁၃၇)ဧကအနက်မှ မြေဧရိယာ(၀.၀၅၃) ဧကအား ဝယ်ယူထားသူ ဦးကိုကိုအောင် (ဘ) ဦးသိန်း ၁၂/ဥကတ(နိုင်)၁၃၅၇၇၀မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများ တင်ပြ၍ မြေဧရိယာ(၀.၁၃၇) ဧကအနက် မြေဧရိယာ( ၀.၀၅၃) ဧကအား ဦးပိုင်ခွဲစိတ် မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲစိတ် မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ ကွင်းအမှတ်(၆၈၁)၊ လှည်းကူးတောင် ဦးပိုင်အမှတ် ၆(ခ)၊ ဧရိယာ(၀.၃၉၀)ဧကအကျယ်အဝန်းရှိ ဦးသက်တိုး အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သံဖရိန်အဆောက်အအုံ နှစ်ထပ်အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးသက်တိုး (ဘ) ဦးကြီးဘို ၅/မရန(နိုင်)၀၁၀၇၉၁ မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်အောင်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ရီရီခိုင် (LL.B)** | **ဒေါ်အေးဖြိုးဇန် (LL.B)** |
| **(စဉ်-၁၆၈၄၄)** | **(စဉ်-၅၅၃၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**(ဖ-၂/ ၁၃၃)၊ ၅၈ (B) လမ်း၊ ၁၁၁ (A) လမ်းထောင့်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-09-693369332, 09-789978997**

## ကန့်ကွက်နိုင်ပါကြောင်း

ခနေဖြူမြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ အကွက်အမှတ် (၈) အလယ်ပိုင်း၊ ဦးပိုင်အမှတ်(၇၄)၊ ဧရိယာ(၀.၁၀၀) ဧကရှိ ဘိုးဘပိုင်မြေအား ဦးမြင့်ဆွေ ၁၄/ခနဖ (နိုင်) ၀၅၇၆၃၂ ၏ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက် မတိုင်မီ ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမြင့်ဆွေ**
**ဖုန်း-၀၉-၉၇၀၀၁၈၀၄၅**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၉-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၄ ပါ ဦးချစ်ရှိန်နှင့် အများသိစေရန် ကြော်ငြာတွင် ဦးပိုင်အမှတ်- ၃၇၊ ဧရိယာ ၀.၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်အခြမ်း ပေ (၂၀ x ၆၀) အစား (၃၀ x ၄၀) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၉-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၄ ပါ ဦးချစ်ရှိန်နှင့် အများသိစေရန် ကြော်ငြာတွင် ဦးပိုင်အမှတ်- ၃၇၊ ဧရိယာ ၀.၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်အခြမ်း ပေ (၂၀ x ၆၀) အစား (၃၀ x ၄၀) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/09086 ယာဉ်လက်ဝယ်ရှိသူ ဦးကျားကြီး ၇/ပခန(နိုင်)၁၉၅၉၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၁ နှင့် ၅)**
**မင်္ဂလာဒုံခရိုင်တရားရုံး**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၂**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ ဗဟိုကော်မတီဌာနချုပ် (၎င်း၏ကိုယ်စား ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးထက်မြတ်ကျော်သက်) — **တရားလို**
နှင့်
ဦးအုန်းမြင့် — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နှယ်နီ (၉)လမ်း၊ အမှတ်(၅၆၆) နေ တရားပြိုင် ဦးအုန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ လူနေရပ်ကွက်အမှတ်-ပုလဲ၊ အမှတ် (၃၈၆/က) အကျယ်(၁၀၀)ပေ x (၂၀၀)ပေ၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် ( ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းအောင်)**
**ခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**မင်္ဂလာဒုံခရိုင်တရားရုံး**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၁**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ ဗဟိုကော်မတီဌာနချုပ် (၎င်း၏ကိုယ်စား ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးထက်မြတ်ကျော်သက်) — **တရားလို**
နှင့်
ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) — **တရားပြိုင်**

ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)၊ အမှတ်(၆၆၈)၊ သန္တာ(၁၄)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ လူနေရပ်ကွက်အမှတ်- ပုလဲ၊ အမှတ် (၃၈၇/က)အကျယ်(၁၀၀)ပေ x (၂၀၀)ပေ၊ နှစ် (၆၀) မြေငှားဂရန် မြေကွက်အား မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းအောင်)**
**ခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၄၀) ရပ်ကွက်၊ ရတနာမဉ္ဇူလမ်း၊ အမှတ်(၂၄၂၀/ခ) ခြေရင်းခြမ်းဟုခေါ်တွင်သော အိမ်ခြံမြေရေမီးစုံပါ အလျား (၂၀) ပေ x အနံ (၆၀) ပေ အကျယ်ရှိ ဦးကျော်သန်း (၁၂/သဃက(နိုင်)၁၉၇၁၁၁) အမည်ပေါက် မြေချပါမစ်ပါ မြေကွက်အပါ နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား လက်ရှိထားပိုင်ဆိုင်သည်ဟု ဝန်ခံပြောဆိုသူ ဒေါ်အေးအေးအောင် (၁၄/ကလန(နိုင်)၁၁၁၁၅၆) (ဘ)ဦးအောင်မြင့်ထံမှ ဦးရန်ကင်း (၅/မမန(နိုင်)၀၅၆၈၁၁)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပါသည်။ ယင်းမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ သတင်းစာကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ပြီး ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရန်ကင်း (၅/မမန(နိုင်)၀၅၆၈၁၁)**
**အမှတ်၁၀ (၄ခ) ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၇၉၆၃၁၄၁၄၀၊ ၀၉-၉၆၁၈၁၁၀၅၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်1W/58801 Honda C90 Custom cmv M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီထွေး ၁၂/တမန (နိုင်)၀၂၃၂၇၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/86444 Honda Click-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင်ဝင်း ၉/မဟမ (နိုင်)၀၄၄၈၇၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်တပ်ကုန်းမြို့ ၊ ဆရာစံရပ်ကွက် ၊ နယ်မြေ(၁) ၊ မြေတိုင်းရပ်ကွက်(၂) ၊ အလောင်းစည်သူရပ် ၊ ဦးပိုင်အမှတ် (၂၃)ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၄၀x၅၈) ရှိသည့် ဝိုင်းခြံမြေ နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းဌေး (ဘ) ဦးဖိုးမော် ၈/ဂဂန(နိုင်)၀၇၄၈၈၆ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထက်မြတ်အောင် ၅/မမန(နိုင်)၀၈၁၂၀၀ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည် ။

**ဦးထက်မြတ်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်လင်းအောင်(LL.B) ၊ တရားလွှတ်တော်ရှေ့နေ (စဉ် -၂၀၀၅၅ )**
**နတ်စဉ်လမ်း၊ နယ်မြေ (၂)၊ ဆရာစံရပ်ကွက်၊ နေပြည်တော်၊ တပ်ကုန်းမြို့**
**ဖုန်း-၀၉-၂၅၄၂၂၂၄၉၉၊ ၀၉-၉၇၃၀၆၆၉၆၉**

## အများသိစေရန် ကြေညာခြင်း

သထုံခရိုင်၊ သထုံမြို့နယ်၊အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၅)၊ မင်းတန်း၊ ဦးပိုင်အမှတ်(၉၃-က)၊ ဧရိယာ(၀.၂၀၀)ဧက အကျယ်အဝန်းရှိ ဦးဇာနည်လှိုင်၊ ဒေါ်ချိုချို တို့အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား တွဲဖက်အမည်ပေါက်သူ ဦးဇာနည်လှိုင် ကွယ်လွန်သွားသောအခါ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ချိုချို (ဘ) ဦးသန်းညွှန့်(ခ)တန်ဂွမ်စိုင်မှ အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ချိုချို (ဘ) ဦးသန်းညွှန့်(ခ) တန်ဂွမ်စိုင် ၁၀/သထန(နိုင်) ၀၄၉၅၅၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်ချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မြေကွက်၏ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်သန်းဦး(ဘ)ဦးတင်လှ** | **ဦးကျော်မြင့် (ခ) ဦးဖိုးကျော် (LL.B)** |
| **၁၀/သထန(နိုင်)၀၄၃၈၆၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၇၁)** |
| **အမှတ်(၃၀)၊ အောက်ကျင်း** | **ဒေါ်နုနုလွင် (LL.B)** |
| **ရပ်ကွက်၊ ဘူတာလမ်း၊ သထုံမြို့** | **အထက်တန်းရှေ့နေ(စဉ်-၅၄၂၆၇)** |
| | **၆၃x၆၄ လမ်းကြား၊ ၃၁ လမ်း၊** |
| | **တိုက်ခန်းအမှတ် (B-5)** |
| | **ရတနာတိုင်းပြည်အိမ်ရာ၊** |
| | **ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၂၀၃၂၅၇၆၊ ၀၉-၇၇၇၂၂၂၇၇၂** |

## Green Urban Ventures Company Limited နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်ရအောင် (၁၂/ကတတ(နိုင်)၀၀၂၄၈၃) နှင့် ဒေါ်စောနန္ဒာဆွေ (၁၂/စခန (နိုင်)၀၀၁၂၄၁)တို့သည် Green Urban Ventures Company Limited ၏ The Park Project အားရောင်းချသူမှ (၂၉-၁၂-၂၀၂၅) ရက် တွင် Handover အခန်းအား လက်ရောက်လွှဲအပ်မည်ဟု အဆိုပြုကမ်းလှမ်းကတိပြုကာ ရောင်းချခဲ့သည်ကိုယုံကြည်ကာ (Residential Unit) အဆင့်ရှိ The park Tower 1, 9th floor ,Unit- D ကွန်ဒို အခန်းအား ရောင်းချသူ Developer ဘက်မှ သတ်မှတ်ထားသည့် တန်ဖိုးအတိုင်း ဝယ်ယူခဲ့ရာ ရောင်းဖိုးငွေများအား ပေးသွင်းနေခဲ့သည်မှာ (၉၀%) အပြည့် ပေးချေခဲ့ပြီးဖြစ်သော်လည်း Green Urban Ventures Company Limited ဘက်မှ ရောင်းချပြီး (၄) နှစ်ကျော် ကြာမြင့်နေသည့်တိုင်အောင် ယခုအချိန်ထိ Foundation ပင် စတင်ဆောက်လုပ်နိုင်ခြင်းမရှိသေးဘဲ ကြန့်ကြာနေပါသည်။ ဝယ်ယူသူများဘက်မှ ပေးသွင်းထားသည့် ရောင်းဖိုးငွေရာခိုင်နှုန်းနှင့်အညီ ရောင်းချသူဘက်မှ တာဝန်ရှိသည့်အတိုင်း အဆောက်အအုံဆောက်လုပ်နိုင်ခြင်းမရှိပါဘဲ ကတိပျက်ကွက်နေပါသော်လည်း ရောင်းချသူ Green Urban Ventures Company Limited ဘက်မှ ဝယ်ယူသူထံသို့ ငွေကြေးများကိုသာ ကောက်ခံနေပါသဖြင့် ကုမ္ပဏီ၏ တာဝန်ရှိသူများထံ အကြိမ်ကြိမ် ဆက်သွယ်မေးမြန်းခဲ့သော်လည်း ရောင်းချထားသည့် ကွန်ဒိုအခန်းအား မည်သည့်အချိန်တွင် လက်ရောက်အပ်နှံနိုင်မည်ဖြစ်ကြောင်းအား တိကျစွာ ကတိပြုနိုင်ခြင်းမရှိပါဘဲ အလှမ်းကွာဝေးပြီး ရေရာသေချာခြင်းမရှိပါသော အကြောင်းပြချက်များသာပေးပြီး ကတိပျက်ကွက်နေလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အကြောင်းအရာများကြောင့်လည်းကောင်း ကျွန်ုပ်မိတ်ဆွေများနည်းတူ The Park Project တွင် အခန်းဝယ်ယူထားသော အခြားဝယ်ယူသူများမှာလည်း များစွာနစ်နာဆုံးရှုံးလျက်ရှိသည်ကို သိရှိရ၍ လည်းကောင်း၊ The Park Project အား ယနေ့အချိန်ထိ ဆောက်လုပ်ခြင်းမရှိသည့်အတွက် ကျွန်ုပ်မိတ်ဆွေများအနေဖြင့် Green Urban Ventures Company Limited အပေါ်တွင် ယုံကြည်မှုမရှိတော့သောကြောင့် ကျွန်ုပ်မိတ်ဆွေများပေးချေခဲ့ သော အခန်းတန်ဖိုးငွေများနှင့်တကွ နစ်နာမှုအား Green Urban Ventures Company Limited မှအမြန်ဆုံးပြန်လည်ပေးအပ်ဆောင်ရွက်ပေးပါရန်နှင့် ကျွန်ုပ်မိတ်ဆွေများ၏ အတိအလင်း သိရှိသဘောတူ ခွင့်ပြုချက်မရရှိဘဲ ရောင်းချသူ Green Urban Ventures Company Limited အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအခန်းနှင့်ပတ်သက်၍ တစ်ဖက်သတ် စာချုပ်ဖျက်သိမ်းခြင်း၊ အခန်းအားသိမ်းယူခြင်း၊ ထပ်မံရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း လုံးဝ မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ခင်သီတာစိုး** | **ဒေါ်သဥ္ဇာဝင်း** | **နော်သီရိသွင်** |
| **(LL.B, D.I.L, D.B.L)** | **(LL.B,D.B.L)** | **(LL.B,M.A.R)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၆၂၈၂)** | **(စဉ်-၄၆၃၅၆)** | **(စဉ်-၄၃၉၄၂)** |

**အမှတ် (၆၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၆၉၄၂၄၅၅၆၂**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မြန်မာအမျိုးသမီးလိဂ် အပတ်စဉ်(၁၁) ဒုတိယနေ့ပွဲစဉ်တွင် သစ္စာအားမာန်နှင့် ရတနာပုံအသင်းတို့ အနိုင်ရရှိ



မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်စီးတီးအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်စဉ်။

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ အပတ်စဉ်(၁၁) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်းတို့ အနိုင်ရရှိခဲ့ကြသည်။

ပဒေသာကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သစ္စာအားမာန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် နောက်ခံလူ ငယ်ငယ်ထွေးက သွင်းယူပေးခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် AYA Pay အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်တွင် ရတနာပုံအသင်းက မြဝတီအသင်းကို ပထမပိုင်းအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပွဲအပြီးတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❑


အောက်တိုဘာ ၂၄ ရက်က မြန်မာယူ-၁၅ အသင်းနှင့် ဂူအမ်အသင်း ယှဉ်ပြိုင်စဉ်။

## ဖီဖာ ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာအသင်း Tier-D အဆင့်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်

ရန်ကုန် အောက်တိုဘာ ၂၇

၂၀၂၆ ဖီဖာ ယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် အုပ်စု (W)၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၁၅ အသင်းသည် အုပ်စုအဆင့် (၄)နေရာ၌ ရပ်တည်နိုင်ခဲ့ကာ အခြားအုပ်စုများမှ အဆင့် (၄)ရရှိသည့် အသင်းများနှင့်အတူ

စာမျက်နှာ ၁၇ ကော်လံ ၁ ▲

## ရန်ကုန်စီးတီးအမျိုးသမီးအသင်း ဖိလစ်ပိုင် ကစားသမားနှစ်ဦးကို ရာသီဝက်စာချုပ်ဖြင့် ခေါ်ယူ

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်စီးတီးအမျိုးသမီးဘောလုံးအသင်းသည် အသင်း၏တိုက်စစ်နှင့် တောင်ပံနေရာများတွင် အားဖြည့်ရန်အတွက် ဖိလစ်ပိုင် ကစားသမားနှစ်ဦးဖြစ်သည့် Angelica Teves (တီဗက်ဖ်)နှင့် Alyssa Jane Ube (အူဘေး) တို့ကို ရာသီဝက်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ●



## M League 2026 U-20 ပြိုင်ပွဲ ရန်ကုန်စီးတီးအနိုင်ရပြီး ရွှေဝတီနှင့် သစ္စာအားမာန် သရေကျ

ရန်ကုန် အောက်တိုဘာ ၂၇

M League 2026 U–20 အမှတ်ပေး ဘောလုံးပြိုင်ပွဲ အပတ်စဉ် (၂၁) ပထမ နေ့ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက ချင်းလန်းအသင်းကို အနိုင်ရရှိခဲ့ပြီး ရွှေဝတီ ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ❍


ရန်ကုန်စီးတီးအသင်းနှင့် ချင်းလန်းအသင်းတို့ ယှဉ်ပြိုင်စဉ်။

## ၂၀၂၆ ခုနှစ် အကောင်းဆုံးအမျိုးသားနှင့် အမျိုးသမီး ဘာလွန်ဒီအောဆုကို ဟယ်ရီကိန်းနှင့် ပူလဲလက်စ်တို့ဆွတ်ခူး

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ကျင်းပပြုလုပ်ခဲ့သည့် အကြိမ်(၇၀)မြောက် ဘာလွန်ဒီအောဆုပေးပွဲတွင် ၂၀၂၆ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသား ဘာလွန်ဒီအောဆုကို ဘိုင်ယန်မြူးနစ်နှင့် အင်္ဂလန်တိုက်စစ်ကစားသမား ဟယ်ရီကိန်းက အမ်ဘာပေ၊ ယာမာလ်တို့ကို ကျော်ဖြတ်ကာ ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၅ ✪



## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်


ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ၅ ထပ်အဆောက်အအုံများအား ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌

စာမျက်နှာ ၁၇ ကော်လံ ၁ ■

ယနေ့ သတင်း အညွှန်း

**KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များက သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့၌ ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာတွင် အေးချမ်းစွာကုသိုလ်ပြုနေသည့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူများအား ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူ ငါးဦး ပုံးစထိမှန်ဒဏ်ရာရရှိ**

ပြည်တွင်းသတင်း စာ ၂၅